www.dhammadownload.com

ဦးလှခင် (ဆန်းညွန့်ဦး) သည်
လူကြီးလူငယ်အရွယ်မရွေးဖတ်ရှုနိုင်ကြရန်
ခေတ်သုံးစကားပြေဖြင့်ရေးသားစီစဉ်အပ်သော

# ငါးရာ့ငါးဆယ် နိပါတ်တော်

လက်ရွေးစင်ဝတ္ထုများ

အမှတ်
၁

## သစ္စာအဓိဋ္ဌာန်နှင့် မေတ္တာစွမ်းအား ဇာတ်တော်များ

ဇာတ်ဝတ္ထုပေါင်း (၁၄) ပုဒ်

(တတိယကြိမ်)

www.dhammadownload.com

သက်သာစာစဉ် အမှတ် (၁)

## ဦးလှခင် (ဆန်းညွှန့်ဦး) စီစဉ်သော

ခေတ်သုံးစကားပြေ

# ငါးရာ့ငါးဆယ်

## နိပါတ်တော်

## လက်ရွေးစင် ဝတ္ထုများ

## သစ္စာအဓိဋ္ဌာန်နှင့်

## မေတ္တာစွမ်းအား ဇာတ်တော်များ

ဇာတ်ဝတ္ထုပေါင်း (၁၄)ပုဒ်

ပြည်လုံးကျွတ် ဖြန့်ချိရေး

ဒေါ်အေးတင်နှင့်သားများ
စကြာအေးစာပေ

အမှတ် ၂၄–၃၈ လမ်း၊
ရန်ကုန်မြို့။

တင်တင်အေး
ပိဋကတ်စာပေ ဖြန့်ချိရေးဌာန
အမှတ် ၁၄၊ ရွှေတိဂုံဘုရားကြီး
တောင်ဘက်ဈေးတော်ရ
ရန်ကုန်မြို့။

F-1 (တတိယအကြိမ်)

www.dhammadownload.com

၅၅၀–အမှတ် ၁
စာမူခွင့်ပြုချက်အမှတ်
(၃၃/၉၄) (၁၀)

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
(၂/၉၄) (၁၁)

၁၉၉၄ ခုနှစ်၊ နိဝင်ဘာလ (တတိယအကြိမ်)
အုပ်ရေ – ၁၀၀၀
တန်ဖိုး – ကျပ်

မျက်နှာဖုံးနှင့်အတွင်းသားရိုက်
ဦးသိန်းထွန်း (၀၄၈၂၂)
သိန်းထွန်းအော့ဖ်ဆက်ပုံနှိပ်တိုက်
အမှတ်–၅၀/၅၂၊ ဒဂုံသီရိလမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်။
တာမွေမြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ
ဒေါ်တင်တင်အေး (၀၂၀၃၃)
တင်တင်အေးပိဋကတ်စာပေ၊ အမှတ်– ၁၄
ရွှေတိဂုံဘုရားဈေးတော်ရုံ၊ ရန်ကုန်မြို့။

www.dhammadownload.com

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ပဏ္ဏာမနှင့် ဂါရဝ | ၆ |
| | အာသီသ (နိဒါန်း) | ၇ |
| | မိုဂြိမ်းပြုကျမ်းများ | ၈ |
| ၁။ | ဇာ ၇။ ကဋ္ဌဝါဟနဇာတ်<br>သစ္စာ၏အဆုံးအဖြတ်ဝတ္ထု။<br>ဝိဋူဍူဘဇာတ်နှင့် ထင်းခွေမိန်းမ၏<br>သစ္စာအဓိဋ္ဌာန်ဇာတ်။ | ၉ |
| ၂။ | ၃၅။ ဝဋ္ဋကဇာတ်<br>ငုံးမင်းသစ္စာဝတ္ထု။<br>ဘုရင်းလောင်းငုံးမင်းသစ္စာပြု၍<br>မီးကွင်းသည့်ဇာတ်။ | ၁၉ |
| ၃။ | ၃၄။ မစ္ဆဇာတ်<br>ငါးမင်းသစ္စာဝတ္ထု။<br>ငါးရံ့မင်း၏သစ္စာအဓိဋ္ဌာန်ကြောင့်<br>မိုးရွာသောဇာတ်။ | ၂၅ |
| ၄။ | ၂၀။ နဠပါနဇာတ်<br>ကမ္ဘာတည်သည့် အဓိဋ္ဌာန်ဝတ္ထု။<br>ကျူရိုးအဆစ်တွင် အခေါင်းပေါက်<br>နေသည့်အကြောင်း ဇာတ်။ | ၂၈ |

www.dhammadownload.com



အမှတ်စဉ် အကြောင်းအရာ စာမျက်နှာ

၅။ ဒုကနိပါတ် ၂၀၃။ ခန္ဓဇာတ် ၉
မြွေဆိုးအန္တရာယ် မေတ္တာဖြင့်ကာယ်သည့်
ဝတ္ထု။
ခန္ဓသုတ်ဂါထာတော်ကြီးအကြောင်းဇာတ်။
၆။ ဒသကနိပါတ် ၄၄၄။ ကဏှဒီပါယနဇာတ် ၃၇
မှန်သောသစ္စာဆိုကြသောဝတ္ထု။
ရသေ့ကြီးနှင့် မိခင်၊ ဖခင်တို့ရင်တွင်း၌
ခံစားရချက်အမှန်ကို ဖော်ထုတ်သစ္စာဆိုကြ၍
မြွေဆိပ် လျှော့ကျ ချမ်းသာရသော
သား၏ဇာတ်။
၇။ တိကနိပါတ် ၂၈၂။ သေယျဇာတ် ၄၅
မြတ်သော မေတ္တာတရားဝတ္ထု။
ရန်သူကို အလျှော့ပေးကာ မေတ္တာ
ပွားသော ဘုရားလောင်းဇာတ်။
၈။ ဒုကနိပါတ် ၁၆၉။ အရကဇာတ်
မေတ္တာပွားသူ၏ အကျိုးဝတ္ထု။
ခုနစ်နှစ်မေတ္တာပွားသူ၊ ခုနစ်ကမ္ဘာတိုင်
ဗြဟ္မာ့ဘုံမှာ ခံစားရသောဇာတ်။
၉။ ဒုကနိပါတ် ၁၅၄။ ဥရဂဇာတ် ၅၃
ရန်သူက အေးမြစေသော မေတ္တာ
အကြောင်းဝတ္ထု
နဂါးနှင့်ဂဠုန်တို့ ညီညွတ်ကြသောဇာတ်။

www.dhammadownload.com




| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁၀။ | ဒုကနိပါတ် ၁၉၄။ မဏိစောရဇာတ်<br>သီလရှိသူ၏ အစွမ်းသတ္တိ ဝတ္ထု။<br>သူ့မယားလိုချင်၍ သူ့လင်ကို ဆင်နှင့်နင်းသတ်စေရာ၊ သီလမြဲသူဇနီးက အစွမ်းသတ္တိပြ၍ အမှုမှန်ရောက်ရသောဇာတ်။ | ၅၆ |
| ၁၁။ | တိကနိပါတ် ၅၁၉။ သမ္ဗုလာဇာတ်<br>နှုနာကို သစ္စာနှင့်ကုသော သမ္ဗုလဝတ္ထု။<br>တော်လေးဝဝင် သမ္ဗုလာ၏သစ္စာကြောင့် သောတ္ထိသေန၏နှုနာများ ပျောက်ကင်းကာ နန်းစံရသောဇာတ်။ | ၆၁ |
| ၁၂။ | ဝိသတိနိပါတ် ၄၉၉။ သိဝိဇာတ်<br>မင်း၏သစ္စာ | ၈၁ |
| ၁၃။ | ဧကနိပါတ် ၂၂။ ကုက္ကုရဇာတ်<br>ဘုရားလောင်းခွေးမင်းဝတ္ထု။<br>ခွေးမြင်သမျှ တစ်မြို့လုံးကသတ်နေကြသည့်ကြားမှ မေတ္တာဘာဝနာပွား၍ အန္တရာယ်မရှိဘဲ နန်းတော်ရောက်အောင်သွားခဲ့သော ခွေးမင်းဇာတ်။ | ၈၅ |
| ၁၄။ | မဟာနိပါတ် ၅၄၀။ သုဝဏ္ဏသာမဇာတ်<br>သစ္စာအစွမ်းသတ္တိကြောင့် မြားဆိပ်မှရှင်သန်ခဲ့ရသောဝတ္ထု။ | ၈၇ |

www.dhammadownload.com

ပဏာမ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

သုံးပါးရတနာ၊ မြတ်ဆရာနှင့်၊
နှစ်ဖြာမိဘာ၊ များလှကျေးဇူး၊
ဂုဏ်အထူးကို၊ ကြည်နူးသဒ္ဓါ၊
ဝန္ဒနာဖြင့်၊ ဦးစွာ ရိုကျိုး၊
ကျွန်ရှိခိုးကာ၊ ဤစာ ကျမ်းမြတ်၊
ပြုစုအပ်သည်၊ နိဗ္ဗာန်ပြည်သို့။
ရည်သတည်း။ ။

ဂါရဝ

ချုတ်ယွင်းတိမ်းပါး... တွေ့ခဲ့ငြားသော်
စိတ်ထားသဒ္ဓါ... စေတနာဖြင့်
ညွှန်ပါမည့်ကြောင်း... ကျွန်ခွင့်တောင်းသည်
ညွတ်ပျောင်း, ခယ... ယမ်းယမ်းတည်း။ ။

(အမျိုးသား ပညာဝန် ဦးဖိုးကျား၏ ငါးရာငါးဆယ် ကောက်နုတ်ချက် နိဒါန်းမှ)

---

ကျေးဇူးတင်လွှာ

အကျွန်ုပ်၏ ကာယအား၊ ဉာဏအား၊ ဝီရိယအားတို့ဖြင့် ပြုစုအပ်သော ဤလက်ရွေးစင် ဓမ္မပဒနှင့် ငါးရာ ငါးဆယ် လက်ရွေးစင် စာအုပ်များကို စကြာအေးစာပေမှ (မူပိုင်) ဝယ်ယူသဖြင့် ကျွန်ုပ် သက်ရှိထင်ရှားရှိစဉ် ကာလ၌ အလှူဒါနများ ပြုလုပ်ခွင့်ရသဖြင့် စကြာအေး စာပေအား ကျေးဇူး တင်ရှိပါကြောင်း။

ဦးလှခင်-ဆန်းညွန့်ဦး။

www.dhammadownload.com

# အာသီသ

## နိဒါန်း

ငါးရာ့ ငါးဆယ် ဇာတ်တော်များသည်
မြန်မာ့ ယဉ်ကျေးမှု၏ ပင်မ ရေသောက်မြစ်ဖြစ်၏။
လောကီ အကျိုးကိုလည်း တိုးပွားစေ၏။
လောကုတ္တရာ အတွက်လည်း အကျိုးများ၏။
ကျောင်းသားအရွယ် သားငယ်၊ သမီးငယ်များ
သားလိမ္မာ၊ သမီးလိမ္မာများ ဖြစ်ကြစေရန်၊
ခေတ်သုံး စကားပြေဖြင့် စီရင်ရေးသားပြီး
လူကြီး လူငယ် မရွေး ဖတ်ရှုနိုင်ကြစေရန်၊
ဆင်းရဲချမ်းသာမရွေး ဖတ်ရှုနိုင်ကြစေရန်၊
သင့်လျော်ရာ ဇာတ်ဝတ္ထုများကို၊
"လက်ရွေးစင်" အဖြစ် ရွေးချယ်ကာ
စိတ်ဝင်စားဖွယ်ရာ သရုပ်ဖော် ပုံများနှင့်အတူ
ထုတ်ဝေပါသည်။

www.dhammadownload.com



(၁) မင်္ဂလာဘုံကျော် ညောင်ကန်ဆရာတော် ပြန်ဆိုရေးသားတော်မူသော ငါးရာ့ငါးဆယ် ဇာတ်တော်ကြီးဝတ္ထု (ငါးတွဲ)၊ ဂန္ဓမာပုံနှိပ်တိုက်၊ ၁၉၆၈-ခုနှစ်။

(၂) မင်္ဂလာဘုံကျော် ညောင်ကန်ဆရာတော်၊ သုဓမ္မဝတီ (ငါးတွဲ)၊ သုဓမ္မဝတီပုံနှိပ်တိုက်၊ ၁၃၃၈-ခု(ပဥ္စမအကြိမ်)။

(၃) ဆီးပန်းနီဆရာတော် ငါးရာ့ငါးဆယ် ဇာတ်ကမ္ပည်းကဝိမန္တနမေဒကျမ်း၊ နိုင်ငံတော် ဗုဒ္ဓသာသနာ့အဖွဲ့။

(၄) ငါးရာ့ငါးဆယ် နိပါတ်တော်စကားပြေ (၉)တွဲ၊ (ပထမကျော် ဦးကြီးဖေ) ဟံသာဝတီ ပိဋကတ် ပုံနှိပ်တိုက် ၁၉၅၈-ခု။

(၅) ဇာတ်တော် ငါးရာ့ငါးဆယ် ဦးမြင့်ဆွေ-မဟာဝိဇ္ဇာ (လန်ဒန်)၊ နဝရတ်စာပေ၊ ဒီရုံ၊ ဈေးချို၊ မန္တလေးမြို့။ (စတုတ္ထအကြိမ်)။

(၆) နိပါတ်တော်လာ ဇာတ်တော် ငါးရာ့ ငါးဆယ် (မာဏဝ)၊ နှလုံးလှစာပေ၊ ၁၉၈၄-ခု (ပထမအကြိမ်)။

(၇) အမျိုးသားပညာဝန် ဦးဖိုးကျား၏ ငါးရာ့ငါးဆယ် ကောက်နုတ်ချက်များ (ပထမပိုင်း)၊ ခေတ္တရာစာပုံနှိပ်တိုက်။

(၈) အမျိုးသားပညာဝန် ဦးဖိုးကျား၏ ငါးရာ့ငါးဆယ် ကောက်နုတ်ချက်များ (ဒုတိယပိုင်း၊ တတိယပိုင်း)၊မြန်မာ့ဂုဏ်ရည်စာပုံနှိပ်တိုက်၊ ကာလဘတ်လမ်း၊ ကန်တော်ကလေး၊ ၁၉၅၅-ခု။

အထူးအားဖြင့် ညောင်ကန်ဆရာတော်၏ စကားပြေဝတ္ထုကြီး (၅)တွဲနှင့်၊ ဟံသာဝတီ ပထမကျော် ဦးကြီးဖေ၏ စကားပြေ (၉)တွဲကို အဓိကထား မှီငြမ်းပြုခဲ့ပါသည်။ ဆရာဦးမြင့်ဆွေ (မဟာဝိဇ္ဇာ)နှင့် မာဏဝတို့၏ ဇာတ်တော် ငါးရာ့ငါးဆယ်တို့မှလည်း အထောက်အကိုးပြု၍ ကျေးဇူးတင်ရှိပါကြောင်း။

www.dhammadownload.com

# သစ္စာအဓိဋ္ဌာန်နှင့်
# မေတ္တာစွမ်းအား ဇာတ်တော်များ



www.dhammadownload.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၁

## (၁) သစ္စာ၏ အခိုးအပြတ်ဝတ္ထု
(ဇေနိပါတ် ဇာ ၇။ ကဏှဝါဟနဇာတ်)

### ပစ္စုပ္ပန်ဝတ္ထု

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ်...... ဝါသဘခတ္တိယာမိဖုရားကို အကြောင်းပြု၍ဟောတော်မူ၏။

(အကျယ်ကိုပြလို၍ ဒွါဒသကနိပါတ် ဘဒ္ဒသာလဇာတ်မှ ဖြည့်စွက်၍ ပြပါသည်။)

ဝါသဘခတ္တိယာသည် မဟာနာမ် သာကီဝင်မင်း၏ သမီး ဖြစ်၏။

နာဂမုဏ္ဍာအမည်ရှိသောကျွန်မမှ ဝါသဘခတ္တိယာကို မွေးဖွား၏။ သာကီဝင် မင်းသွေးပါ၍ အလွန်ချောမောလှပ၏။ ယဉ်ကျေးသိမ်မွေ့၏။ ဉာဏ်ပညာထက်၏။

သို့သော် သာကီဝင်တို့သည်ဝါသဘခတ္တိယာကို "သာကီသွေး" ဟူ၍ အသိအမှတ် မပြုကြ၊ ဝိုင်းပယ်ကြ၏။

www.dhammadownload.com



## ဘုရားနှင့် ရင်းနှီးလိုသူ

မြတ်စွာဘုရားသည် သာဝတ္ထိပြည်၌ သီတင်းသုံးစဉ်အခါက ရဟန်းတော်များသည် ရလာသော ဆွမ်း ဘောဇဉ်များကို ဝိသာခါ ကျောင်းအမကြီးနှင့် အနာထပိဏ်း သူဌေးကြီးတို့၏ အိမ်များ၌ သီတင်းသုံး၍ ဆွမ်းစားခြင်းအမှု ပြု၏။

ဝိသာခါ၊ အနာထပိဏ်တို့ အတွက် အငြိုအငြင် မရှိရအောင် သာသနာ၌ ကြည်ညိုကြသော တပည့်တပန်းတို့ကို ရဟန်းတော်များအား စောင့်ရှောက်ပြုစုစေ၏။

ကောသလမင်းကြီးသည် မြတ်စွာဘုရားနှင့်လည်းကောင်း၊ ရဟန်းတော်တို့နှင့် လည်းကောင်း ဝိသာခါ၊ အနာထပိဏ်းတို့ ကဲ့သို့ တရင်းတနှီး အကျွမ်းတဝင်ဖြစ်လို၏။

နေ့စဉ် ရဟန်း ငါးရာပင့်၍ မဏ္ဍပ်ကြီးထိုးပြီး ဆွမ်းလောင်း လှူ၏။

ကောသလမင်း၏ ဝန်ထမ်းများသည် ရဟန်းတော်များ အပေါ် စေတနာမပါ။ မင်းကြီးအမိန့်အရသာ ပြုစုနေရသူများ ဖြစ်၍ ဝတ်ကြေ ဝတ်ကုန်သာ ပြုစု၏။

ရဟန်းတော်များနှင့် တရင်းတနှီး မရှိကြ။

သို့ဖြစ်၍ ရဟန်းတော်များသည် ဆွမ်းတို့ကိုခံယူပြီး ဝိသာခါ အနာထပိဏ်နှင့် အခြား ကျွမ်းဝင်သူများအိမ်သို့ သွားရောက် ဆွမ်းဘုဉ်းပေးကြ၏။

www.dhammadownload.com



## အကျွမ်းဝင်မှု၏တန်ဖိုး

ကောသလမင်းကြီးသည် မိမိဆွမ်းစားဇရပ်၌ ရဟန်းတော်တို့ မကြွသည်ကို သိသော် နံနက်စာစားပြီး မြတ်စွာဘုရားထံ တော်သို့သွားပြီး......

"အရှင်ဘုရား အစားအသောက် ဘောဇဉ်တို့တွင် အဘယ် ဘောဇဉ်သည် အရသာရှိပါသနည်း"ဟု မေးလျှောက်၏။

"မင်းကြီး....အကျွမ်းဝင်သော သူတို့ထံမှ ဘောဇဉ်သည် အလွန် အရသာရှိပါ၏။ အနည်းငယ်သော ပအုံးရည်မျှသည် လည်းအကျွမ်းဝင်သောသူတို့သည် လှူအပ်သည်ရှိသော် အလွန် ချိုမြိတ် ကောင်းမြတ်သည်"ဟု မိန့်တော်မူ၏။

"အရှင်ဘုရား၊ ရဟန်းတို့သည် အဘယ်သူနှင့် အကျွမ်းဝင် ပါသနည်း"ဟု မေးလျှောက်၏။

"မင်းကြီး-ရဟန်းတို့သည် အဆွေအမျိုးတို့နှင့်လည်းကောင်း၊ သာကီဝင် မင်းမျိုးတို့နှင့်လည်းကောင်း အတူတကွ အကျွမ်းဝင် ၏" ဟုမိန့်ကြားတော်မူ၏။

## အဖေ့သွေး

ထိုနောက် ကောသလမင်းကြီးသည် သာကီဝင် မင်းသမီး တစ်ပါးကို ဆောင်ယူပြီး မိဖုရားကြီးအရာ၌ထားရလျှင် ဘုရား နှင့် ဆွေးမျိုးတော်ပြီး ရဟန်းတော်တို့နှင့်ပါ ရင်းနှီးအကျွမ်းဝင် အံ့ဟု ကြံ၍ သာကီဝင်မင်းသမီးတစ်ပါး ပေးဆက်ရန် ကပ္ပိလ ဝတ်ပြည်သို့ တမန်စေလွှတ်၏။

'ကပ္ပိလဝတ်ပြည်၊မဟာနာမ်မင်းကြီးသည် မပေးပြန်လျှင် စစ်မက်အရေး၊ ပေးပြန်လျှင် မျိုးနွယ်ပျက်မည့်အရေးတို့ကြောင့်

www.dhammadownload.com



သာကီဝင်တို့နှင့် တိုင်ပင်ကြပြီ။ မဟာနာမ်မင်းနှင့် နာဂမုဏ္ဍာ ကျွန်မတို့မှ မွေးဖွားသော အသက် တစ်ဆယ့်ခြောက်နှစ်ရှိ လှပသော ဝါသဘခတ္တိယာ မင်းသမီးကိုပေးကြ၏။

ဝါသဘခတ္တိယာသည် အဖေ့သွေးက သာကီဝင်မင်းမျိုးပင် ဖြစ်သည်မဟုတ်လော။

## ကျွန်စော်နံသည်

ကောသလမင်းကြီးသည် ဝါသဘခတ္တိယာ မင်းသမီးကို အလွန်မြတ်နိုးလှ၍ မိဖုရားအရာ၌ထား၏။

သားတော်တစ်ပါးထွန်းကား၏။

ဘိုးတော်မဟာနာမ်မင်းကြီးထံ အမည် တောင်းစေပြီး

ဝိဋဋူဘ တစ်ဆယ့်ခြောက်နှစ်အရွယ် ရောက်လေလျှင် ဘိုးတော် မာဟာနာမ်မင်းနှင့် ဆွေမျိုး အကြီးအကဲတို့ကို ကန်တော့ရန် ကပိလဝတ်သို့ တစ်ခမ်းတစ်နားလာ၏။

သာကီဝင်တို့က ကျွန်းမျိုးဟု နှာခေါင်းရှုံ့ကြ၏။ မလွှဲ မကင်းသာ ဆက်ဆံကြ၏။

ဝိဋဋူဘအပြန်တွင် သာကီဝင်တို့က ဝိဋဋူဘ ထိုင်သော ကြမ်းပျဉ်ကို "ကျွန်စော်နံသည်"ဟု နို့ရည်ဖြင့် ဆေးချကြ၏။ ထိုအကြောင်းကို ဝိဋဋူဘ၏ လက်စွဲတပည့် တစ်ယောက်မှ တစ်ဆင့်ကြားသိသဖြင့် ဝိဋဋူဘမှာ ဒေါသဖြစ်ရ၏။ တစ်နေ့ သိစေမည်ဟု စိတ်ထဲက ကြုံဝါးထား၏။

www.dhammadownload.com



## ကျွန်ဘဝရောက်ရှာသော သားအမိ

သာဝတ္ထိပြည်သို့ ပြန်ရောက်သောအခါ အခြေအနေအလွန်ဆိုးသွားတော့၏။

ကပိလဝတ်ပြည် သာကီဝင်တို့က မတူမရှုဆက်ဆံမှုအပြင်၊ ဝါသဘခတ္တိယာသည် ကျွန်မမွေးသောသမီးကို သာကီဝင်အစစ်ဟု လိမ်လည် လှည့်ဖျား ပေးဆက်လိုက်ကြောင်းတို့က နန်းတွင်းတစ်ခုလုံး အုတ်အော်သောင်းသောင်း ဖြစ်ခဲ့၏။

ဝါသဘခတ္တိယာနှင့် ဝိဋူဍဘတို့မှာ မျက်နှာ မဖော်ရဲအောင်ပင် ရှက်နေခဲ့ကြရ၏။

ထိုအကြောင်းကို ကောသလမင်းကြီးနား ပေါက်ကြားသောအခါ၊ ကောသလမင်းကြီးသည် ရှက်ဒေါသဖြစ်လွန်း၍ ဝါသဘခတ္တိယာနှင့် ဝိဋူဍဘတို့ကို မိဖုရားအရာမှ နုတ်၍ ကျွန်အဆင့်အတန်းသို့ နှိမ့်ချထားလိုက်တော့၏။

ဆင်ခြင်တုံတရားထားနိုင်သော ဝါသဘခတ္တိယာ မိဖုရားကြီးအနေဖြင့် လောကဓံကို ခံနိုင်ရည်စွမ်းရှိသည့် တိုင်အောင် မင်းပျိုမင်းလွင်ဖြစ်သော ဝိဋူဍဘအနေဖြင့်ကား ပေါက်ကွဲလာသည့် ရှက်ဒေါသကြောင့် တစ်နေ့တွင် သာဝတ္ထိနန်းကို မရရအောင်ယူမည်။ မိမိမင်းအဖြစ်ရလျှင် မိမိအား မတူ တရှုပြုခဲ့ကြသော သာကီဝင်တို့ တစ်မျိုးလုံး၏ လည်ချောင်းသွေးဖြင့် ကြမ်းပျဉ်ကို ဆေးကြောမည်ဟု တိတိကျကျ ဆုံးဖြတ်လိုက်လေသည်။

## မြတ်စွာဘုရားအဆုံးအဖြတ်

နှစ်ရက်သုံးရက်ကြာလျှင် မြတ်စွာဘုရားသည် ကောသလမင်းနန်းတော်သို့ကြွ၏။

www.dhammadownload.com



ကောသလမင်းက မြတ်စွာဘုရားကိုရှိခိုး၍......

"အရှင်ဘုရား- အရှင်ဘုရား၏ဆွေတော်မျိုးတော်တို့သည် ကျွန်မမှမွေးသောသမီးကို တပည့်တော်အားပေး၏။ သို့အတွက် ဝါသဘခတ္တိယာနှင့် သားဝိဋူဍဘတို့ကို ကျွန်အဖြစ် ချထား လိုက်ပါသည်" ဟုလျှောက်၏။

မြတ်စွာဘုရားသည်.......

"မင်းကြီး၊ သာကီဝင်မင်းတို့သည် မပြုသင့်သည်ကိုပြုပေသည်။ ပေးလျှင် တူသောအမျိုးကိုသာ ပေးသင့်ပေသည်"ဟု မိန့်တော်မူပြီးဆက်၍......

"မင်းကြီး၊ ဝါသဘခတ္တိယာ၏ ဖခင်သည် မည်သူနည်း"

"အရှင်ဘုရား-မဟာနာမ်သာကီဝင်မင်းဖြစ်ပါသည်ဘုရား"

"ဝါသဘခတ္တိယာသည် မင်း၏သမီးပင်တည်း၊ မင်း၏သမီးကို မင်းထံသို့ဆက်၏။ အဖအမျိုးသည် အဓိကမဟုတ်လော"

"မှန်ပါသည်ဘုရား"

"မြတ်သောမင်းကြီး- ကျွန်မ၏သမီးပင် ဖြစ်သော်လည်း မင်းကြီး၏ နန်းတော်တွင် အသိသိက်သွန်းခံရပေသည်။

သားတော် ဝိဋူဍဘသည် ရေမြေကို အစိုးရသောမင်းကို စွဲ၍ဖြစ်၏။

ထိုသားသည် အဘယ်ကြောင့် အဖ ဥစ္စာဖြစ်သော တိုင်းနိုင်ငံ၏အရှင် မဖြစ်ရာသနည်း။

အမေ့မျိုးသည်အကြောင်းမဟုတ်၊ အဖမျိုးသာ အဓိက ဖြစ်သည်မဟုတ်လော။

www.dhammadownload.com



အဖမျိုးသာ အဓိကဖြစ်သောကြောင့်လည်း ရှေးပညာရှိတို့သည် တစ်ခဏမျှနေသော မယားဖြစ်သည့် ထင်းခွေမိန်းမကို ပင် မိဖုရားအရာပေဖူးကုန်ပြီ။

ထိုထင်းခွေမိန်းမ၏ ဝမ်း၌လွယ်မွေးရသော သားကိုလည်း တစ်ဆယ့်နှစ်ယူဇနာရှိသော ဗာရာဏသီပြည်ကြီး၌ မင်းအဖြစ် ပေးအပ်၍ ကဋ္ဌဝါဟနမင်းဟူ၍ ထင်းရှားဖူးကြောင်း သာဓကဖြင့် အတိတ်ဇာတ်ကို ဟောကြားတော်မူ၏။

## အတိတ်ဇာတ်

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းစိုးစံစဉ်......

ဗြဟ္မဒတ်မင်းသည် အခြွေအရံများနှင့် ဥယျာဉ်တော်သို့ လှည့်လည်ရာတွင် အသီး အပွင့်တို့ကို သဘောကျလှသဖြင့် တစ်ကိုယ်တော်တည်း လှည့်လည်ကြည့်ရင်း ဥယျာဉ်တောအုပ် အတွင်းမှ သီးချင်းဆိုသံ တစ်သံကိုကြား၍ သာယာ လှသဖြင့် သီချင်းသံကြားရာသို့ လိုက်၍ချောင်းကြည့်၏။

ဆင်းရဲသူမလေးတစ်ယောက်သည် ထင်းခွေရင်း သီးချင်း ဆိုနေသည်။

လှပသိမ်မွေ့သော ဣန္ဒြေရှင်မိန်းကလေး၌ တပ်မက်သဖြင့် ထိုမိန်းကလေးအား သံဝါသမှုကိုပြု၏။

ထိုခဏနှင့်ပင် ဘုရားလောင်းသည် ထင်းခွေမိန်းမ၏ ဝမ်း၌ ပဋိသန္ဓေနေ၏။

ဘုရားလောင်း၏ အစွမ်းဖြင့် ထင်းခွေမိန်းမသည် ကိုယ်ဝန် တည်သည်၏အဖြစ်ကိုသိ၍ မင်းကြီးအား လျှောက်ထား၏။

www.dhammadownload.com



## သက်သေခံပစ္စည်း

ဗြဟ္မဒတ်သည် မိမိလက်စွပ်ကိုချွတ်၍.....

"သမီးမိန်းကလေးမွေးလျှင် လက်စွပ်ကိုရောင်း၍ ရင်းနှီးစားလော့၊ သားယောကျ်ားကလေးမွေးလျှင် လက်စွပ်ကိုယူ၍ ငါ့ထံ လာခဲ့ကြလော့"ဟု ဆို၍ သွားလေ၏။

ထိုနောက် ဘုရားလောင်းကို ဖွားမြင်၏။

ထင်းခွေမိန်းမသည် သားကိုပိုက်၍ နန်းတော်သို့ ဝင်၏။

"အရှင်မင်းမြတ်၏ သားပါတည်း"ဟု ကလေးငယ်ကို ဆက်သ၏။

ဘုရင်သည် ပရိသတ် ဗိုလ်ပုံအလယ်ဖြစ်၍ ရှက်သဖြင့်....

"ငါ့သားမဟုတ်"ဟုဆို၏။

ထင်းခွေမိန်းမက မင်းကြီးပေးသော လက်စွပ်ကိုပြ၏။

"ငါ့လက်စွပ်မဟုတ်" ဇွတ်ငြင်းလိုက်ပြန်၏။

## သစ္စာအဓိဋ္ဌာန်

ထိုအခါ ထင်းခွေမိန်းမသည် ငိုယို၍.....

"အရှင်မင်းကြီး– ဤသို့ငြင်းလျှင် အကျွန်ုပ်မှာ သစ္စာပြုခြင်းမှတစ်ပါး အခြားသက်သေမရှိတော့ပါ၊ ဤသူငယ်သည် အရှင်မင်းကြီး၏သား မှန်ခဲ့ပါလျှင် ကောင်းကင်၌ တည်ပါစေသား၊ အကယ်၍ မမှန်ခဲ့လျှင် မြေသို့ကျ၍ သေပါစေသား" ဟု ဘုရားလောင်းကို ခြေနှစ်ချောင်းမှကိုင်၍ ကောင်းကင်သို့ ပစ်၏။

ဘုရားလောင်းသည် လေထဲ၌ ဖွဲ့ခွေလျက် သာယာသော အသံဖြင့် ခမည်းတော်မင်းကြီးအား တရားဟော၏။

www.dhammadownload.com



မင်းကြီး- အကျွန်ုပ်သည် အရှင်မင်းကြီး၏ သားအစစ်တည်း။ အကျွန်ုပ်ကို မွေးမြူတော်မူပါ။ အခြားသူများကိုပင် မွေးမြူနိုင်သေးလျှင် မိမိရ သားကို အဘယ်ကြောင့် မမွေးပါသနည်း။

ထိုအခါမှ မင်းကြီးသည် "ငါ့သား လာလော့...." ဟု လက်ဆန့်တန်းလျှင် ကောင်းကင်မှ မင်းကြီး၏ ရင်ခွင်၌ တည်၏။

မင်းကြီးသည် ထင်းခွေမိန်းမအား မိဖုရားကြီးအရာထား၏။ ဘုရားလောင်းအား အိမ်ရှေ့မင်းအဖြစ်ထား၏။ အဖလွန်လျှင် ကဋ္ဌဝါဟန မည်သောမင်းဖြစ်၏။

## ဘုရားစကား နာကြားရ၍

ကောသလမင်းကြီးသည် မြတ်စွာဘုရား တရားစကားကို နာရ၍ (အဖမျိုးသာလျှင်အဓိကဖြစ်သည်)ဟုသားအမိ နှစ်ယောက်တို့အား ပေးမြဲသော အဆောင်အယောင် စည်းစိမ် အခြံအရံကို ပေးတော်မူ၏။

သာဝတ္ထိနန်းတွင်းသူ နန်းတွင်းသားတို့သည်လည်း မြတ်စွာဘုရား၏ (အဖမျိုးသာပဓာန) ဟူသော တရားစကားကြားနာ ၍ သားအမိတို့အပေါ် သံသယကင်းစွာ ဖော့ရွေ ဆက်ဆံသတည်း။

## ဇာတ်ပေါင်းသော်

အမိသည် မယ်တော်မာယာ။


အဖသည် သုဒ္ဓေါဒန်။

ကဋ္ဌဝါဟနသည် ငါဘုရားဟု ဇာတ်တော်ကို ပေါင်း၏။

www.dhammadownload.com



## (၂) သစ္စာစွမ်းအား ဝတ္ထု
(ဇာ-၃၅၊ ဝဋ္ဋက ဇာတ်)




### ပစ္စုပ္ပန်ဝတ္ထု

မာဂဓတိုင်း၌ ဒေသစာရီ ကြွချီတော်မူစဉ် တောမီး ကြီး အံ့ဩဖွယ်ရာ ငြိမ်းခြင်းကို အကြောင်းပြု၍ ဟောကြားတော်မူ၏။ (အကျယ်ကိုဆိုရသော် မြတ်စွာဘုရားနှင့် သံဃာတော်ငါးရာတို့သည် မာဂဓတိုင်းသို့ ဒေသစာရီ ကြွချီတော်မူစဉ် တောလမ်းခရီးအကြား၌ တောမီးကြီး ပတ်ပတ်လည် လောင်သည်ကိုကြုံရလေ၏။ တောမီးကြီးသည် အလိပ်လိုက် ပြေးလာသကဲ့သို့ မြင်ကြရသော ပုထုဇဉ်ရဟန်းအချို့သည် ကြောက်

www.dhammadownload.com



လန့်၍ (မီးကို မီးနှင့်တိုက်ရသည်)ဟု ပြေလာသော တောမီးကို မီးကြီးနှင့် တိုက်ရန် မီးခတ်ကျောက်နှင့် မီးခတ်ကြသည်။

## မြတ်စွာဘုရား၏အစွမ်းကို မသိကြသလော

ထိုအခါ အခြားရဟန်းများက.......

"ငါ့အရှင်တို့- သင်တို့ ဘာတွေလုပ်နေကြသနည်း"

လမင်းကြီး ရှိပါလျက် လကိုမမြင်၊

နေမင်းကြီး ရှိပါလျက် နေကိုမမြင်၊

ကမ်းနားမှာ နေပါလျက်နှင့် သမုဒ္ဒရာကိုမမြင်၊

မြင်းမိုရ်တောင်ကို မှီနေပါလျက် မြင်းမိုရ်တောင်ကို မမြင်သူ ကဲ့သို့ ပြုမူနေကြသည်။

နတ်ထက်မြတ်လှသော မြတ်စွာဘုရားရှေ့တော်မှောက်သို့ သွားကြစို့အံ့။

ဟု မြတ်စွာဘုရားထံ ရဟန်းအပေါင်းတို့ ဝိုင်း၍နေကြ၏။

တောမီးသည် မြတ်စွာဘုရားရပ်တော်မူရာ နေရာ၏ ပတ်လည် တစ်ဆယ့်ခြောက်ပယ်မျှသော နေရာရောက်လျှင် ရေနှင့် သတ်လိုက်သကဲ့သို့ ငြိမ်းသွား၏။

ရဟန်း အပေါင်းတို့သည် အံ့ဩလှစွာ မြတ်စွာဘုရား၏ ကျေးဇူးတော်ကို ပြောကြားနေကြရာ၊ မြတ်စွာဘုရားက......

"ရဟန်းတို့ ဤနေရာတွင် တောမီးငြိမ်း၏။ ငါဘုရား၏ အစွမ်းဟု မထင်ကြနှင့်၊ ဤနေရာတွင် ဘဒ္ဒကမ္ဘာပတ်လုံး မီးမလောင်သောနေရာ ဖြစ်၏။

ဟုမိန့်တော်မူရာ......

www.dhammadownload.com



ရှင်အာနန္ဒာ မထေရ်က မြတ်စွာဘုရား ထိုင်တော်မူရန် ဒုကင်္ဂကို လေးထပ်ပြု၍ ခင်း၏။

မြတ်စွာဘုရားသည် ထိုင်တော်မူ၍ အတိတ်ဇာတ်ကို ဟော ကြားတော်မူ၏။

## အတိတ်ဇာတ်

## ငုံးမင်းသစ္စာ မီးကွင်းဂါထာ

ရှေးရှေးအခါက မာဂဓတိုင်း အရပ်မှာပင် ဘုရားလောင်း သည် ငုံးဘဝ၌ ဥမှပေါက်ဖွားစအရွယ် ဖြစ်လာ၏။

ထိုအခါ်ခြင်တွင် နှစ်တိုင်း လောင်နေကျ တောမီးကြီးလောင် လာ၏။

တောမီးကြီး မြည်ဟီးလောင်လာမှုကြောင့် ငှက်အပေါင်း တို့ ထွက်ပြေးကြ၏။

ဘုရားလောင်း၏ မိဘတို့လည်း ဘုရားလောင်းကို စွန့်၍ ပြေးကြလေသည်။

ဘုရားလောင်းသည် အသိုက်တွင်းမှ လည်ကိုဆန့်၍ကြည့် လျှင် တောမီးကြီးကို မြင်၍......

"ငါမှာ ပျံစရာ အတောင်လည်း မပေါက်သေး၊ ပြေးစရာ ခြေနှစ်ချောင်းပေါ်တွင်ပင် မရပ်နိုင်သေး၊ ငါ၏မိဘတို့သည် လည်း ငါ့ကိုပစ်၍ ပြေးကြလေပြီ၊ ငါ့တွင် မှီခိုအားထားစရာ မရှိတော့၊ အဘယ်သို့ လုပ်ရမည်နည်း" ဟုကြံ၏။

ထိုနောက် ငုံးမင်းသည် အဝေးမှ မီးတောက်ကို ကြည့်၍ အောက်ပါ ဂါထာကို ရွတ်ဆို၏။ သီလနှင့်သစ္စာတို့၏ ဂုဏ်

www.dhammadownload.com



ကျေးဇူးကို အာရုံပြု၍ ရှေးဘုရားရှင်တို့၏ ကျေးဇူးတော်ကို ဆင်ခြင်ဖ၏၊

## ဂါထာတော်များ

၁။ အတ္ထိ လောကေ သီလဂုဏော။
သစ္စံ သောစေယျနုဒ္ဒယာ။
တေန သစ္စေန ကာဟာမိ။
သစ္စကိရိယ မနုတ္တရံ။
အာဝဇ္ဇိတွာ ဓမ္မဗလံ။
သရိတွာ ပုဗ္ဗကေ ဇိနေ။
သစ္စဗလ မဝဿာယ။
သစ္စကိရိယ မကာသဟံ။
၂။ သန္တိ ပက္ခာ အပတနာ။
သန္တိ ပါဒါ အဝဉ္စနာ၊
မာတာပိတာ စ နိက္ခန္တာ။
ဇာတဝေဒ ပဋိက္ကမ။ ။

၁။လောကေ၊ လောက၌။ သီလဂုဏော၊ သီလကျေးဇူးသည်။ အတ္ထိ၊ ရှိ၏။ သစ္စံ၊ သစ္စာ၏ ကျေးဇူးသည်။ အတ္ထိ၊ ရှိ၏။ သောစေယျ နုဒ္ဒယာ၊ သီလ,မေတ္တာ, ကရုဏာ တည်းဟူသောတရားတို့သည်။ အတ္ထိ သန္တိ၊ ရှိကုန်၏။ တေန သစ္စေန၊ ထိုသစ္စာစကားဖြင့်။ အနုတ္တရံ၊ အတုမရှိမြတ်သော။ သစ္စကိရိယံ၊ သစ္စာပြုခြင်းကို။ အဟံ၊ ငါသည်။ ကာဟာမိ၊ ပြုအံ့။

အဟံ၊ ငါသည်။ ဓမ္မဗလံ၊ တရားတော်၏ အစွမ်းကို။ အာ-ဝဇ္ဇိတွာ၊ ဆင်ခြင်၍။ ပုဗ္ဗကေ၊ ရှေးရှေးအခါ၌ ပရိနိဗ္ဗာန်ပြု

www.dhammadownload.com



တော် မူကုန်သော။ ဇိနေ၊ ဘုရားရှင်တို့ကို။ သရိတွာ၊ အာရုံပြု၍။ သစ္စဗလံ၊ သစ္စာစွမ်းအားကို။ အဝေက္ခယ၊ မှီ၍။ သစ္စကိရိယံ၊ သစ္စာပြုခြင်းကို။ အကာသိံ၊ ပြုမှုးပြီ။

(ဤသို့ သီလ၏ကျေးဇူး၊ ရှေးဘုရားရှင်တို့၏ ကျေးဇူးတော်တို့ကို ဆင်ခြင်၍ မိမိကိုယ်ကို အာရုံပြု၍ သစ္စာဆိုပြန်၏။)

၂။ ဇာတဝေဒ၊ တောမီး မေ၊ ငါ့အား။ ပက္ခာ၊ အတောင်တို့သည်။ သန္တိ၊ ရှိကုန်၏။ တေဟိ၊ ထိုအတောင်တို့ဖြင့် အပတနာ၊ ကောင်းကင်သို့ ပျံခြင်းငှာ မတတ်နိုင်ကုန်။

မေ၊ ငါ့အား။ ပါဒါ၊ ခြေတို့သည်။ သန္တိ၊ ရှိကုန်၏။ တေဟိ၊ ထိုခြေတို့ဖြင့်။ အဝဉ္စနာ၊ မြေ၌သွားခြင်းငှာ မတတ်နိုင်ကုန်။

မေ၊ ငါ၏။ မာတာပိတာ စ၊ မိဘတို့သည်လည်း။ နိက္ခန္တာ၊ ထွက်ပြေးခဲ့ကုန်၏။ တွံ၊ သင်တောမီးသည်။ ပဋိက္ကမ၊ ရှောင်လေဖဲလေလော့။

ဤသို့ ဘုရားလောင်းသည်....
ငါ့အား အတောင်ရှိလျက် မပျံနိုင်သေး၊
ခြေထောက်ရှိလျက် မပြေးနိုင်သေး၊
ငါ့မိ, ငါ့ဖတို့သည် ငါ့ကို အသိုက်၌ ထားပြီး ပြေးကြပြီ၊
ဤမဖောက်မပြန်မှန်ကန်စွာဆိုရသော သစ္စာစကားကြောင့်
သင် တောမီးကြီးသည် ဤအရပ်တွင်ပင် ရပ်လေတော့။

ဟု အသိုက်မှာ အိပ်လျက်ပင်သစ္စာဆို၏။ ဤသို့သစ္စာဆိုသည်နှင့် တစ်ပြိုင်နက် တစ်ဆယ့်ခြောက်ပယ်သော အရပ်မှာ ပင်ရေဖြင့်လောင်းလိုက်သကဲ့သို့ ရပ်လေ၏။ ထိုအရပ်သည်၊ ဘဒ္ဒကပ်

www.dhammadownload.com



ကမ္ဘာပတ်လုံး မီးမလောင်နိုင်သော အရပ်၊ တန်ခိုး ရှိသော အရပ်ဖြစ်လာ၏။ (ငုံးမင်းသစ္စာ တည်ကမ္ဘာ။)

"ရဟန်းတို့၊ ဤအရပ်၌ မီးမလောင်ခြင်းသည် ယခု ငါဘုရား၏ အစွမ်းမဟုတ်၊ ဘုရားလောင်းငုံးငယ်ဘဝ၌ ငါဘုရားလောင်း၏ သစ္စာအစွမ်းတည်း" ဟု ဟောတော်မူ၏။

## ဇာတ်ပေါင်းသော်

ထိုအခါက မိဘတို့သည် ယခုဘဝ မိဘ။
ငုံးမင်းသည် ငါဘုရားဟု ဇာတ်တော်ကို ပေါင်း၏။

www.dhammadownload.com

## (၃) ငါးမင်းသစ္စာဝတ္ထု
(ဇာ ၁၄။ မစ္ဆဇာတ်)




### ပစ္စုပ္ပန်ဝတ္ထု

မြတ်စွာဘုရားသခင်သည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေစဉ်၊ ကိုယ်တော်တိုင် မိုးရွာစေသည်ကို အကြောင်းပြု၍ အတိတ်ဇာတ်ကို ဟောတော်မူ၏။

(အကျယ်ကား) ကောသလတိုင်း၌ မိုးခေါင်နေ၏။
ရေကန်ကြီးငယ်တို့ ရေခန်းခြောက်ကြ၏။
ဇေတဝန်ကျောင်းရှိ ရေကန်ကြီးသည်ပင် ရေခန်း၍—

www.dhammadownload.com



ရွှံများတွင် တိုးဝှေ့နေကြသော ငါး, လိပ်တို့ကို ကျီးငှက်တို့က ထိုးသုတ် စားသောက်ကြ၏။

လူတို့အတွက် ကောက်စပါးများလည်း ညှိုးကြ၏။

မြတ်စွာဘုရားသည် မဟာကရုဏာတော်ဖြင့် အရှင် အာနန္ဒာအား ရေသနုတ်တော်ကို ယူစေလျက် ရေသနုတ်တော်ကို ဝတ်ပြီး ဇေတဝန်ရေကန်၏ စောင်းတန်းဦး၌ ရပ်တော်မူ၏။

သိကြားမင်းမနေနိုင်၍ မိုးနတ်သားကို ခေါ်ပြီး.......

"မြတ်စွာဘုရားသည် ရေချိုးတော်မူလို၍ ရေသနုတ်ဝတ်တော်မူကာ စောင်းတန်းဦး၌ ရပ်တော်မူသည်။ ကောသလတိုင်းနှင့် တစ်စပ်တည်း မိုးကိုရွာချလော့" ဟုစေ၏။

အရှေ့ဘက်မှ မိုးတိမ်တိုက် တစ်ခုသည် တဖြည်းဖြည်း တစ်ထပ်ပြီးတစ်ထပ် ပွားများလာကာ ထမ်းချိုးလျက် ရေအိုးကို မှောက်၍ချလိုက်သကဲ့သို့ တစ်ဆက်တည်း ရွာချလိုက်ရာ ချောင်းကန်တို့ ရေပြည့်လျှံလျက် ဇေတဝန် ရေကန်မှ ရေမှာ စောင်းတန်းဦးသို့တိုင် ဆိုက်လေ၏။

မြတ်စွာဘုရားသည် ရေကန်၌ ရေချိုးတော်မူ၏။

သတ္တဝါအပေါင်းတို့သည် ဘေးကင်း ရွှင်လန်းကြကုန်၏။

ခြောက်လ, ကောက်စပါးတို့ လန်းဆန်းကြကုန်၏။

ညနေတရားသဘင်၌ ရဟန်းတော်များက မြတ်စွာဘုရား၏ ပါရမီတော်ကို အံ့သြချီးကျူး နေကြရာ၊ မြတ်စွာဘုရား ကြွလာလျှင် ကြားသိတော်မူ၍ အတိတ်ဇာတ်တော်ကို ဟောကြားတော်မူခြင်း ဖြစ်သည်။

www.dhammadownload.com



## အတိတ်ဇာတ်

ရှေးရှေးအခါက ကောသလတိုင်း၊ သာဝတ္ထိပြည် ဤဇေတဝန် ရေကန်အရပ်တွင် ချုံနွယ်တို့နှင့် ရေအိုင်ဖြစ်နေ၏။

ထိုရေကန်၌ ဘုရားလောင်းသည် ငါးရံ့မင်းဖြစ်၍ ငါးအပေါင်း အခြံအရံနှင့် နေ၏။

တစ်နှစ်တွင် ဤကဲ့သို့ မိုးခေါင်၏။

အင်းအိုင် ရေကန်တို့ ခန်းကြ၏။

ရွံ့ညွံများ အကြားတွင် တိုးဝှေ့နေကြသော ငါးတို့ကို ကျီးအစရှိသည်တို့ ထိုးသုတ်၍စားကြ၏။

ဘုရားလောင်း ငါးရံ့မင်းသည် ဆွေမျိုးအပေါင်းတို့ ပျက်စီးခြင်းကို မြင်ရ၍.......

"ငါမှတစ်ပါး အခြားကယ်မည့်သူ မရှိချေတကား"

ဟု ဆွေမျိုးတို့ ဒုက္ခကို မြင်ရ၍ စိတ်ရော့ ကိုယ်ပါ ဆင်းရဲလှသည်။

"အို.....ပဇ္ဇုန် နတ်မင်း"

ငါသည် ဆွေမျိုးတို့ ဒုက္ခကိုမြင်ရ၍ စိတ်ရော, ကိုယ်ပါ ဆင်းရဲလှသည်။

ငါသည် သီလကို စောင့်ထိန်းပါလျက် အဘယ့်ကြောင့် မိုးကို မရွာစေသနည်း။

ငါသည် ဇာတ်တူ သတ္တဝါတို့ကို စားတတ်သော အမျိုးဖြစ်ပါလျက် ဆန်စေ့မျှလောက် အရွယ်ရှိသော ငါးမှအစ

www.dhammadownload.com



မစားခဲ့ပါ၊ ငါသည် တစ်ပါးသော သတ္တဝါတို့ကိုလည်း သေအောင် မပြုခဲ့ဖူးပါ။

"ဤမှန်သော သစ္စာစကားကြောင့် မိုးကိုရွာစေပြီး ငါ၏ ဆွေမျိုးတို့ကိုလည်းကောင်း၊ ငါ့ကိုလည်းကောင်း ဆင်းရဲမှ လွတ်စေလော့"

ဟူ၍ သစ္စာအဓိဋ္ဌာန် ပြုသည်နှင့် ပဇ္ဇုန် နတ်မင်းသည် ကောသလတိုင်းကို ကြီးစွာသော မိုးကိုရွာစေပြီး ရေကို မှီရသော သတ္တဝါအပေါင်းတို့ သေခြင်းဆင်းရဲမှ လွတ်ကင်းကြကုန်သတည်း။

**ဇာတ်ပေါင်းသော်**

ငါးအပေါင်းသည် - ငါဘုရား၏ ပရိသတ်၊
ပဇ္ဇုန်နတ်သည် - အာနန္ဒာ၊
ငါးရံ့မင်းသည် - ငါဘုရားဟု (ဇာတ်တော်ကိုပေါင်း၏။)

)

## (၄) အန္တရာယ်ဆည်သောအဓိဋ္ဌာန် ခန်း

(၂၀။ ဝဋ္ဋကပေါတဇာတ်)

**ပစ္စုပ္ပန်ဝတ္ထု**

မြတ်စွာဘုရားသည် ကောသလတိုင်းသို့ ဒေသစာရီကြွစဉ် ဝဋ္ဋကပေါတ ရွာ၏ ရေကန်အနီး ဆပ်သွားတော်၌ သီတင်းသုံးတော်မူစဉ်.......

ရေကန်မှ ကျူရိုးတို့ကို အပ်ချည်ဖူး လုပ်ရန်အတွက် သာမဏေတို့အား ယူစေ၏။

www.dhammadownload.com



ကျူရိုးအားလုံးတို့၏ အဆစ်များမှာ အခေါင်းချည်းဖြစ်နေသဖြင့် မည်သို့ဖြစ်ရသည်ကို မြတ်စွာဘုရားထံ လျှောက်ထားကြ၏။

မြတ်စွာဘုရားက "ကျူပင်များမှာ အပိတ်မပါ အခေါင်းချည်း ဖြစ်နေရခြင်းမှာ ငါ၏ ရှေးအဓိဋ္ဌာန်ကြောင့်တည်း" ဟု မိန့်တော်မူ၍ အတိတ်ဇာတ်ကိုဟောကြားတော်မူ၏။

## အတိတ်ဇာတ်

ရှေးအခါက ထိုရေနှင့် ကျူတောသည် လူမနေသော အရပ်ဖြစ်ခဲ့၏။

ထိုရေကန်၌ ဒကရက္ခိုက်သည် စောင့်၏။

ရေကန်တွင်း ရေသောက်ဆင်းသမျှ သတ္တဝါတို့ကိုစား၏။

ထိုအခါက ဘုရားလောင်းသည် မျောက်မင်းဖြစ်၍ မျောက်ရှစ်သောင်း ခြံရံလျက် ထိုတောမှာနေ၏။

ဘုရားလောင်းက မျောက်အပေါင်းတို့အား......

"အသီးမြင်တိုင်း မစားနှင့်၊ ငါ့ကိုပြပြီးမှ စားကြ၊ တောတွင်းမှာ အဆိပ်သီးများ ရှိတတ်သည်"

"ရေကန်မြင်တိုင်း ရေမသောက်ကြနှင့်၊ ငါ့ကိုမေးပြီးမှ သောက်ကြ" ဟုမှာထား၏။

တစ်နေ့တွင် မျောက်အပေါင်းတို့ လှည့်လည် သွားလာကြရင်း ရေကန်တစ်ကန်ကို တွေ့၏။

ရေမသောက်ကြသေးဘဲ ဘုရားလောင်းလာအောင် စောင့်ကြ၏။

www.dhammadownload.com



ဘုရားလောင်းသည် ရေကန်ကို စေ့စေ့စပ်စပ်ကြည့်သော်-ရေကန်တွင် ဆင်းသော ခြေရာများသာတွေ့ပြီး တက်သော ခြေရာကို မမြင်ရ၍...

"ဤရေကန်ကို ဘီးလူးစောင့်သည်"

ဟု ဘုရားလောင်းကပြော၏။

ဒကရက္ခိုက်သည် ထိုမျောက်တို့ ရေသောက်မဆင်းသည်ကို သိ၍ ရေထဲမှ ခွဲထွက်လာပြီး ရေသောက်ရန်ပြော၏။

ဘုရားလောင်းက.......

"သင် ဒကရက္ခိုက် မဟုတ်လော၊ သင်ကား ရေကန်သို့ ဆင်းသော သတ္တဝါတို့ကို စားရန် အပိုင်စား ရသလော"ဟု မေး၏။

"အပိုင်စားရသည်၊ ရေကန်သို့ ဆင်းသမျှသတ္တဝါ ငှက်ပါ မကျန် စားမည်၊ သင်တို့လည်း ရေသောက်ကြမည်လော"

"ရေသောက်ကြမည်၊ သို့သော်သင်းစားပိုင်ခွင့်ရမည်မဟုတ်"

"သင်တို့ ရေသောက်ကြလျှင် ဘာကြောင့် ငါစားပိုင်ခွင့် မရရှိရမည်နည်း"

"သစ်ရေကန်သို့ ငါတို့မဆင်းဘဲ ကျူရိုးတစ်ချောင်းစီယူပြီး သင့်ရေကန်မှရေကိုသောက်ကြမည်။ သင်စားပိုင်ခွင့် ရဦးမည်လော" ဟုဆို၏။

ဘုရားလောင်းသည် ကျူတစ်ခုကို ယူစေပြီး၊ ပါရမီတို့ကို ဆင်ခြင်ပြီး သစ္စာပြု၍ ပါးစပ်ဖြင့်မှုတ်၏။

ကျူရိုး၏ အတွင်းအဆစ် အားလုံးပြုတ်၍ အခေါင်းဖြစ်သွား၏။

www.dhammadownload.com



ဤသို့ဖြင့် ကျူရိုး တစ်ချောင်းစီ တစ်ချောင်းစီကို ယူ၍ မှတ်ပေး၏။ ဘုရားလောင်းသည် ဤသို့ ကျူရိုးရှစ်သောင်းကို မှတ်နေရလျှင် ပြီးမည် မဟုတ်ဟု ကြံ၍.....

"ဤရေကန် ပတ်ဝန်းကျင်ရှိ ကျူရိုးတို့သည် တစ်ပေါက်တည်း ဖြစ်စေသတည်း"

ဟု အဓိဋ္ဌာန်ဖြင့် ဤရေကန်ကို ရံ၍ဖြစ်သော ကျူရိုးအားလုံးသည် အခေါင်း တစ်ပေါက်တည်းသာရှိသည် ဖြစ်ကုန်၏။

ရှစ်သောင်းသော မျောက်အပေါင်းသည် ရေကိုသောက်ကြကုန်၏။

ထို့ကြောင့် လူတို့သည် "ကျူ, လ, ငုံး, အိမ်, ထုံးမတိမ်၊ ဘုန်းရှိန်ကမ္ဘာတည်"ဟု ဆိုရိုးပြုကြ၏။ အဓိပ္ပာယ်မှာ တစ်ကမ္ဘာ ပတ်လုံးတည်ရှိသည့် လေးပါးသော တန်ခိုးကား ဤရေကန်မှ ကျူရိုးတွင် ဤဘဒ္ဒကပ်ကမ္ဘာပတ်လုံး အပေါက် တစ်ခုတည်းသာ ရှိလိမ့်မည်။ လ-ပေါ်ယုန်ရုပ်သည် ဤဘဒ္ဒကပ်ကမ္ဘာ ပတ်လုံးတည်လိမ့်မည်။ ငုံးမင်းသစ္စာဇာတ်နှင့်မီးငြိမ်းရာ အရပ်ကို ဤဘဒ္ဒကပ်ကမ္ဘာပတ်လုံး မီးမလောင်။ ဃဋီကာရ၏ အိမ် နေရာသည် ဤဘဒ္ဒကပ်ကမ္ဘာပတ်လုံး မိုးမရွာဘဲတည်လိမ့် မည် ဟူသတည်း။

## ဇာတ်ပေါင်းသော်

ဒကရက္ခိုက်သည် - ဒေဝဒတ်၊
မျောက်မင်းပရိသတ်သည် - ငါဘုရား၏ပရိသတ်၊
မျောက်မင်းသည် - ငါဘုရား၊
ဟု ဇာတ်တော်ကို ပေါင်း၏။

www.dhammadownload.com

## (၅) မြွေဆိုးများအန္တရာယ် မေတ္တာဖြင့် ကယ်သော ဝတ္ထု။
(ဇာ ၂၃၀။ ခန္ဓဇာတ်)



### ပစ္စုပ္ပန်ဝတ္ထု

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် မြွေကိုက်၍ သေရသော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ရဟန်းတော်တို့အား ထိုရဟန်းသည် အကယ်၍များ မြွေမျိုး လေးပါးတို့ကို အာရုံပြု၍ မေတ္တာပွားခဲ့ပါလျှင် မြွေသည် ထိုရဟန်းကို မကိုက်ခဲလေရာ၊ ရှေးပညာရှိတို့သည် မြွေအမျိုးမျိုး တို့ကို မေတ္တာပွား၍ ထိုထိုသော ဘေးတို့ကို လွတ်စေကုန်၏ဟု အတိတ်ဝတ္ထုကို ဟောကြားတော်မူလေသည်။

www.dhammadownload.com



## အတိတ်ဇာတ်

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း စိုးစံစဉ်......

ဘုရားအလောင်းသည် ဟိမဝန္တာဝယ် ရသေ့ရဟန်းပြု၍ ရသေ့အပေါင်း အခြံအရံနှင့်နေ၏။ ထိုအခါ ဂင်္ဂါမြစ်ကမ်း၌ အထူးထူးအပြားပြား များလှစွာသော ကျောရှည် သတ္တဝါ တို့၏ ဘေးရန်ကြောင့် ရသေ့များစွာ သေဆုံးခဲ့၏။

ထိုအကြောင်းကို ဘုရားလောင်းအား လျှောက်ကြားကြသောအခါ ရသေ့တို့ကို စည်းဝေးစေ၍.......

"ရသေ့တို့၊ သင်တို့သည် လေးပါးကုန်သော မြွေမျိုး တို့၌ မေတ္တာပွားကြပါလျှင် သင်တို့ကို မြွေတို့သည် မခဲကုန်ရာ၊ သို့ကြောင့် ဤနေ့မှစ၍ လေးပါးကုန်သော မြွေမျိုးတို့ကို မေတ္တာပွားစေကုန်လော့" ဟုဆို၏။

အို....ရသေ့တို့၊ သင်တို့သည်......

ဝိရူပက္ခ နတ်မင်း၏ အမျိုးအနွယ်နှင့်တကွ ငါ၏ ချစ်ခြင်းမေတ္တာသည် ဖြစ်ပါစေသတည်း။

ဧရာပထ နတ်မင်း၏ အမျိုးအနွယ်တို့နှင့်တကွ ငါ၏ချစ်ခြင်းမေတ္တာသည် ဖြစ်ပါစေသတည်း။

ဆဗျာပုတ္တ နတ်မင်း၏ အမျိုးအနွယ်တို့နှင့်တကွ ငါ၏ ချစ်ခြင်းမေတ္တာသည် ဖြစ်ပါစေသတည်း။

ကဏှာဂေါတမ နတ်မင်း၏ အမျိုးအနွယ်တို့နှင့်တကွ ငါ၏ ချစ်ခြင်းမေတ္တာသည် ဖြစ်ပါစေသတည်း။

www.dhammadownload.com



ဤသို့ မေတ္တာကို ပွားများကြကုန်လော့။

(မှတ်ချက်)။ ။ နဂါးတို့၏ မိတ်ဆွေဖြစ်သော မြွေမျိုးကား ဤသို့အားဖြင့် လေးပါးအပြားရှိကုန်သည်။ ထိုလေးပါးတို့တွင် ငန်းကျား၊ ငန်းဥကွက်၊ ငန်းနက်၊ ငန်းနီ ဟူသော မြွေမျိုးတို့သည် ဝိရူပက္ခမျိုးကုန်သည်။ ငန်းစောင်း၊ ငန်းစိမ်းတို့သည် ဧရာပထမျိုးကုန်သည်။ မြွေပွေး၊ မြွေဆင်ပစ်တို့သည် ဆဗျာပုတ္တမျိုး မည်ကုန်သည်။ မြွေဟောက်၊ မြွေလက်ပတ်တို့သည် ကဏှာဂေါတမမျိုး မည်ကုန်သည်။ ဤမြွေမျိုးလေးဖြာကို မေတ္တာမပြတ်ပြုကြကုန် ချစ်သားအပေါင်းသူတော်ကောင်းတို့။ (ကျီးသဲလေးထပ်ဆရာတော်၏ ခန္ဓသုတ်ပရိတ်မှွန်းမှ။)

အို-ရသေ့တို့၊ သင်တို့သည်.......

အခြေမရှိကုန်သော သတ္တဝါတို့နှင့်တကွ ငါ၏ချစ်ခြင်းမေတ္တာသည် ဖြစ်ပါစေသတည်း။ အခြေနှစ်ချောင်းရှိကုန်သော သတ္တဝါတို့နှင့်တကွ ငါ၏ချစ်ခြင်းမေတ္တာသည် ဖြစ်ပါစေသတည်း။ အခြေများစွာ ရှိကုန်သော သတ္တဝါတို့နှင့် တကွ ငါ၏ချစ်ခြင်းမေတ္တာသည် ဖြစ်ပါစေသတည်း။ ဤသို့မေတ္တာကို ပွားများကုန်လော့။

အို-ရသေ့တို့၊ သင်တို့သည်.......

ငါ့ကို အခြေမရှိသောသတ္တဝါသည် မညှဉ်းဆဲစေသတည်း။ အခြေနှစ်ချောင်းရှိသော သတ္တဝါသည်လည်း ငါ့ကိုမညှဉ်းဆဲစေသတည်း။ အခြေလေးချောင်းရှိသော သတ္တဝါသည်လည်း ငါ့ကိုမညှဉ်းဆဲစေသတည်း။ အခြေများစွာရှိကုန်သော သတ္တဝါ

www.dhammadownload.com



တို့သည်လည်း ငါ့ကို မညှဉ်းဆဲစေသတည်း။ ဤသို့မေတ္တာကို ပွားများကုန်လော့။

အို......ရသေ့တို့။ သင်တို့သည်.......

ခပ်သိမ်းသော သတ္တဝါတို့သည် လည်းကောင်း၊ ခပ်သိမ်းသော ထွက်သက်ဝင်သက် ရှိကုန်သော သတ္တဝါတို့သည်လည်းကောင်း၊ ခပ်သိမ်းသောဖြစ်ပြီး ဖြစ်ဆဲကုန်သော သတ္တဝါတို့သည်လည်းကောင်း ရှိကြကုန်၏။

အနည်းငယ် စိုးစဉ်မျှ အကြွင်းအကျန် မရှိကုန်သော အားလုံးသော သတ္တဝါတို့သည် ကောင်းမြတ်သော အာရုံတို့ကိုသာ မြင်တွေ့ကြပါစေကုန်သတည်း။

မကောင်းသော အာရုံအစုသည် တစ်စုံတစ်ရာမျှ မကျမရောက်၊ မရောက်မလာ ဖြစ်ကြပါစေကုန်သတည်း။

အို.....ရသေ့တို့၊ သင်တို့သည်.....

ဘုရား၏ဂုဏ်တော်သည် တုနှိုင်းစရာမရှိ၊ တရား၏ဂုဏ်တော်သည် တုနှိုင်းစရာမရှိ၊ သံဃာ၏ဂုဏ်တော်သည် တုနှိုင်းစရာမရှိ၊ ဤသို့ ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးတို့ကို အောက်မေ့ကြကုန်လော့။

အို....ရသေ့တို့၊ သင်တို့သည်....

မြွေ၊ ကင်းမြီးကောက်၊ ကင်းခြေများ၊ ပင့်ကူ၊ တက်တူ၊ ကြွက်တို့သည်လည်းကောင်း၊ ရင်ဖြင့်တွား၍ သွားတတ်ကုန်သော သတ္တဝါတို့သည် လည်းကောင်း ကိလေသာ ရှိကုန်၏။ ဤကိလေသာရှိကုန်သောသတ္တဝါတို့သည် ကိလေသာမရှိသော

www.dhammadownload.com



ရတနာသုံးပါး၏ ဂုဏ်တော်, ကျေးဇူးတော်တို့ကြောင့် နေ့ရာ ညဥ့်ပါ အခါမလပ် မေတ္တာခြုံ၍ လုံခြုံ စောက်ရှောက်ကြပါ စေကုန်သတည်း။ ဤသို့အာသီသပြုကာတောင့်တကြကုန်လော့။

အို.....ရသေ့တို့၊ သင်တို့သည်.....

ငါသည်မူကား ရတနာသုံးပါးတို့၏ ဂုဏ်တော် ကျေးဇူး တော်တို့ကို အောက်မေ့သောအားဖြင့် အစောင့်အရှောက်ကို ပြုအပ်ပြီ။

ဝါသည်သုံးပါးရတနာတို့၏ ဂုဏ်တော်ကျေးဇူးတော်တို့ကို အောက်မေ့သောအားဖြင့် ပရိတ်အရံအတားကို ပြုအပ်ပြီ၊

ငါ၏အကျိုးပျက်စီးမှုကို အလိုရှိကုန်သော သတ္တဝါတို့သည် ရှောင်ရှားပြေးလွှားကြစေ သတည်း။

ငါသည် မြတ်စွာဘုရားအား ရှိခိုးပါ၏။ ခုနစ်ဆူကုန်သော ဘုရားရှင်တို့အား ရှိခိုးပါ၏။

ဤသို့ ရှိခိုးကြကုန်လော့။

ဤသို့ပင် ဘုရားလောင်းသည် ရသေ့အပေါင်းအား ဤ ပရိတ်တော်ကို ပေးပေ၏။ ထိုအခါမှစ၍ ရသေ့ တို့သည် မေတ္တာကိုပွားကြ၏။ ခပ်သိမ်းကုန်သော မြွေတို့သည် ရှောင်ရှား ကြကုန်၏။ ဘုရားလောင်းသည် ဗြဟ္မဝိဟာရကို ပွားများ၍ ဗြဟ္မာ့ပြည်သို့ လားလေ၏။

**ဇာတ်ပေါင်းသော်**

ရသေ့ အပေါင်းသည် – ဘုရားပရိသတ်၊

ဘုရားလောင်းရသေ့သည် – ငါဘုရားဖြစ်ဖူးပြီ၊

ဟု ဇာတ်တော်ကို ပေါင်း၏။

www.dhammadownload.com

## (၆) စစ်မှန်သော သစ္စာဝတ္ထု
(ဇာ ၄၄၄-ကဏှဒီပါယနဇာတ်)




### ပစ္စုပ္ပန်ဝတ္ထု

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ်- ရဟန်းတစ်ပါးသည်သာသနာ၌ငြီးငွေ့၏။ မြတ်စွာဘုရားသည် ခေါ်တော်မူပြီး ငါဘုရား၏ မျက်မှောက်တော် ပရိသတ်များအလယ်တွင် သာသနာတော်၌ ငြီးငွေ့သော အဖြစ်ကို အဘယ်ကြောင့် ထင်ရှားအောင် လုပ်သနည်း၊ အရှက်အကြောက်(ဟိရီ,ဩတ္တပ္ပ)ကို အဘယ်ကြောင့် မစောင့်ရှောက်သနည်း။ရှေးပညာတို့သည် သာသနာပမှာဖြစ်လျက် ငါးဆယ့်ငါးနှစ်ပတ်လုံး ငြီးငွေ့သည်အဖြစ်ကို မပြ။ ဟိရီ,ဩတ္တပ္ပ

www.dhammadownload.com



ကို စောင့်ရှောက်ကြကုန်၏”ဟု မိန့်တော်မူကာ အတိတ်ဇာတ်ကို ဟောကြားတော်မူသည်။

## အတိတ်ဇာတ်

ရှေးရှေးအခါ ဝံသတိုင်း ကောသမ္ဗီပြည်၌ ကောသမ္ဗကမင်း မင်းပြု၏။ ရွာတစ်ရွာ၌ ကုဋေရှစ်ဆယ် ကြွယ်ဝသော သူငယ်ချင်း ပုဏ္ဏားနှစ်ယောက်ရှိ၏။ “ဒီပါယန”နှင့်“မဏ္ဍဗျ”တို့ ဖြစ်၏။

ထိုနှစ်ယောက်သည်ကာမဂုဏ်အပြစ်ကိုမြင်၍ ဥစ္စာများကို စွန့်ပြီးဟိမဝန္တာသို့ဝင်၍ အနှစ်ငါးဆယ်လုံးလုံး သစ်သီးများဖြင့် စားသောက်နေထိုင်ကြ၏။ သို့သော် ဈာန်အဘိညာဏ် မရကြချေ။ ဒီပါယနရသေ့သည် ဘုရားလောင်းဖြစ်၏။

## သုသာန်၌တင် ကျင့်သုံးစဉ်

တစ်နေ့တွင် ရသေ့နှစ်ဦးသည် ကောသလတိုင်း နိဂုံးရွာ တစ်ရွာရှိ လူ့ဘဝက “ဒီပါယန”ရသေ့၏မိတ်ဆွေ“မဏ္ဍဗျ” သူကြွယ်ထံသွားကြ၏။ သူကြွယ်က ကျောင်းဆောက်၍ ရသေ့နှစ်ဦးစလုံးကို လုပ်ကျွေး၏။

နှစ်နှစ်သုံးနှစ်နေကြပြီး သူကြွယ်ကိုပန်ကြား၍ ခရီးထွက်ကြပြန်၏။ ဗာရာဏသီပြည်မှ “အဝိမုတ္တကသုသာန်”၌နေကြ၏။ မကြာမီ “ဒီပါယနေရသေ့သည်” သူကြွယ်ထံ သွားနေ၏။ မဏ္ဍဗျရသေ့သည် သုသာန်၌ နေခဲ့၏။

တစ်နေ့တွင် သူခိုးတို့သည်မြို့တွင်း၌ ခိုးကြပြီး လူလိုက်၍ သုသာန်ထဲသို့ ဝင်လာကာ ရသေ့ကျောင်းရှေ့တွင် ပစ္စည်းထုပ်ကိုပစ်၍ပြေး၏။ လိုက်ကြသူများက မဏ္ဍဗျရသေ့ကိုပင်

www.dhammadownload.com



သူနိုးဟု မင်းကြီးထံ ဖမ်းပို့ကြ၏။ မင်းကြီးက မစုံစမ်း၊ သုသာန်တွင် တံကျင်လျှိုစေ၏။

## အတိတ်ကံ

မင်းချင်းတို့သည် သုသာန်၌ ရှားနှစ်တံကျင်ဖြင့် လျှိုကြ၏။ ရသေ့၏ကိုယ်တွင်းသို့မဝင်၊ တမာသား တံကျင်၊ သံတံကျင်တို့ဖြင့် လျှိုပြန်၏။ ကိုယ်တွင်းသို့ မဝင်။

ရသေ့သည် ဇာတိဿရဉာဏ်ဖြင့် ဆင်ခြင်သော် ရှေးက ပြုခဲ့သော မကောင်းမှုဝိပါကကံကို ခံရမည့်အကြောင်းမြင်၍ မင်းချင်းတို့အား ပင်လယ်ကသစ်သားဖြင့် တံကျင်လျှိုစေ၏။ မင်းချင်းတို့လည်း စအိုဝမှတံကျင်လျှို၍ ကားစင်တင်ထားပြီး အစောင့်ထားကာ ပြန်သွားကြ၏။

## သီလအရိပ်ကိုခိုလှုံ၍

အစောင့်တို့သည် ပုန်းကွယ်၍စောင့်ကြ၏။

ဒီပါယနရသေ့သည် မဏ္ဍဗျရသေ့ထံ ဖူးမြင်ရန်လာခဲ့၏။

တံကျင်လျှိုခံရသည်ကိုမြင်လျှင် "အရှင် အပြစ်ရှိ၍လော" ဟုမေး၏။

"မရှိပါ"ဟုပြော၏။

"သို့ဖြစ်လျှင် ဖမ်းသောသူများနှင့် အပြစ်ပေးသောမင်းကြီးတို့ကို စိတ်ပြစ်မှားသလား၊ အမျက်ထွက်သလော"ဟု မေး၏။

"အပြစ်မှားပါ၊ အမျက်မထွက်ပါ"ဟု ပြော၏။

"အရှင်ကဲ့သို့သီလရှိသူ၏ အရိပ်ကို ခိုလှုံရခြင်းသည် ကျမ်းသာ၏ဟု လျှိုထားသော တံကျင်တိုင်ကို မှီ၍သာနေ၏။

www.dhammadownload.com



မဏ္ဍာဗ္ဗရသေ့၏ကိုယ်မှ သွေးပေါက်တို့သည် ဒီပါယနကိုယ်ပေါ်သို့ တစ်စက်တစ်စက်ကျ၏။ သွေးများ ခြောက်သောအခါ တစ်ကိုယ်လုံး မည်းနက်သော အကွက်တို့ဖြစ်နေ၏။ ဒီပါယန ရသေ့အား(ကဏှာဒီပါယန)ဟု တွင်၏။

## ရှေးကဝိပါက်

နံနက်လင်းလျှင် ပုန်းကွယ် နားထောင်သော အစောင့်တို့က ရသေ့နှစ်ပါး ပြောသော စကားကို မင်းကြီးအား လျှောက်ထားကြ၏။ မင်းကြီးကြားလျှင် ငါမစုံစမ်းဘဲ ပြုမိချေပြီဟု ရသေ့တို့ထံသွား၏။ အပြစ်မရှိကြောင်းသိ၍ တံကျင်ကို နုတ်စေ၏။ နုတ်၍မရချေ။

ထိုအခါရသေ့က......

"မင်းကြီး ငါတံကျင်လျှိုခံရသည်မှာ ရှေးကဝိပါက်ကံကြောင့်သာဖြစ်၏။ ရှေးဘဝ လက်သမားသားဖြစ်စဉ်က ယင်တစ်ကောင်ကို သေးငယ်သော ပင်လယ်ကသစ်သားဖြင့် စအိုမှ ထိုးခဲ့ဖူးသော ကံကြောင့်ဖြစ်၏။ ထိုကသစ်သားသည် ယင်ငယ်၏ကိုယ်တွင်း၌ပင်ရှိနေ၏။ ထိုသစ်သားကြောင့် ယင်မှာ မသေ၊ အသက်အတိုင်းနေပြီးမှ သေရ၏။

သို့အတွက် ငါ့ကိုအသက်ရှင်စေလိုလျှင် တံကျင်ကို မနုတ်ပါနှင့်၊ အရေနှင့်အညီသာ ဖြတ်ပေးပါ" ဟုပြော၏။ မင်းချင်းတို့လည်း ရသေ့၏အလိုအတိုင်း လုပ်ပေး၏။ ထိုအခါမှစ၍ (အာဏိမဏ္ဍာဗျရသေ့)ဟုတွင်၏။

မင်းကြီးသည် ရသေ့နှစ်ဦးကို ဥယျာဉ်တော်၌ နေစေပြီး လုပ်ကျွေး၏။ ကဏှာဒီပါယနရသေ့သည် မကြာမီ ပြန်သွား၏။

www.dhammadownload.com



## မြွေဆိပ်ကျလို သစ္စာဆို

မဏ္ဍဗျသူကြွယ်သည် ဘုရားလောင်း ဒီပါယန ရသေ့ပြန်လာသည်ကြား၍ ဆွမ်းအဖျော်ကို စီမံ၍ သားမယားတို့နှင့် ကျောင်းသို့လာ၏။ (မဏ္ဍဗျရသေ့)၏အတင်းကို ပြောဆိုနေကြစဉ် သားငယ်သည် ကစားရင်း မြွေကိုက်ခံရသဖြင့် မြွေဆိပ်တက်ပြီး ထိုနေရာမှာပင် လဲကျသွား၏။

မိဘတို့သည် သားကိုပွေ့ချီ၍ ရသေ့ထံ ဆေးကုပေးရန် တောင်းပန်ကြ၏။

ရသေ့က "ငါသည် ဆေးဝါးလည်းမသိ၊ မန္တန်လည်း မတတ်ပါ" ဟုဆိုသော် "အရှင်ဘုရား...သူငယ်အပေါ် မေတ္တာထား၍ သစ္စာပြုတော်မူပါ"ဟု တောင်းပန်ကြ၏။

## ဘုရားလောင်း၏ သစ္စာစကား

ဘုရားလောင်းရသေ့က.....

"ငါသည် ရသေ့ရဟန်းဖြစ်သည်မှ ခုနစ်ရက်သာပျော်မွေ့ခဲ့ပါ၏။ နှစ်ပေါင်းငါးဆယ်လုံးလုံး ရသေ့ရဟန်းဘဝတွင် မနေချင်ဘဲ၊ မပျော်မွေ့ဘဲ နေခဲ့၏။ ဤမှန်သော သစ္စာစကားကြောင့် ဤသူငယ်၏မြွေဆိပ်တို့ ကျဆင်း၍ အသက်ချမ်းသာပါစေသတည်း"ဟု သစ္စာပြုသည်နှင့် မြွေဆိပ်တို့သည် ဦးခေါင်းမှ ရင်ပတ်အထိ ကျဆင်း၍ သူငယ်သည် သတိရလာ၏။ မျက်တောင်များ ခတ်လာ၏။

www.dhammadownload.com



## ဖခင်၏သစ္စာစကား

ထိုအခါ ဘုရားလောင်းရသေ့က "ငါ့အစွမ်း ဤမျှသာဖြစ်သည်။ ဖခင်ဖြစ်သူက သစ္စာဆိုပေဦး"ဟု တိုက်တွန်း၏။ ဖခင်ဖြစ်သူက.......

"ငါ၏အိမ်တွင် အလှူမဏ္ဍပ်ကြီးဖြင့် နေ့စဉ် လှူဒါန်းနေပါ၏။ ငါသည် အလှူခံများအား သဒ္ဓါတရားမရှိဘဲ မလှူချင်ဘဲ လှူနေရပါ၏။ ဤမှန်သော သစ္စာစကားကြောင့် သား ဖြစ်သူ မြွေဆိပ်ကျပါစေသတည်း"ဟုဆို၏။ မြွေဆိပ်တို့ ကျ၍ ခါးအထိ လှုပ်ရှားလာနိုင်၏။

## မိခင်၏သစ္စာစကား

သူကြွယ်က ဇနီးဖြစ်သူအားသစ္စာဆိုပါဦးဟု တိုက်တွန်း၏။ မိခင်က "ငါသည် ငါ၏လင်သားအပေါ်၌ သားကို ကိုက် သည့် မြွေဟောက်နှင့်အတူ ငါမချစ်,မနှစ်သက်ပါ၊ ငါသည် ဤမှန်သော သစ္စာစကားကြောင့် ငါ၏သားမှ မြွေဆိပ်တို့ ကျပါစေသတည်း"ဟု သစ္စာပြု၏။

မြွေဆိပ် အားလုံးကျ၍ သားငယ်သည် ပကတိ ကောင်း သွား၏။

## ကဲ့ရဲ့ကြမှာရှက်လို့ ကြောက်လို့ပါ

ထိုနောက်သူကြွယ်က ဘုရားလောင်းဒီပါယနရသေ့အား "အရှင်ရသေ့၊ ရသေ့, ရဟန်း,ဘဝဦးငွေ့ပါလျက် ဘာကြောင့် နှစ်ပေါင်းငါးဆယ်ကျော်မျှ ဆက်နေသနည်း"ဟု လျှောက် ထားလေလျှင် ရသေ့က "သူကြွယ်ဒါယကာ၊ ငါ ရသေ့ရဟန်း

www.dhammadownload.com



ဘဝကိုငြီးငွေ့၍ လူထွက်ပြီး ပြန်လာလျှင် လူအပေါင်းတို့က ဒီပါယနသည် ကလေးကဲ့သို့ စိတ်မတည်ကြည်ဟု ကဲ့ရဲ့ကြခြင်းကို မခံလို၍ အောင့်အီး သည်းခံနေခဲ့ခြင်းဖြစ်သည်"ဟု ရှင်းပြ၏။

ရသေ့က သူကြွယ်အားမေးမြန်း၏။

"သင်သည် စေတနာမပါဘဲ၊ မလှူချင်ဘဲ အဘယ့်ကြောင့် မလျှော့ပ်ထိုးပြီး နေ့စဉ်လှူနေသနည်း"ဟု မေး၏။

သူကြွယ်က "စေတနာမပါဘဲ၊ မလှူချင်ဘဲ လှူနေရသည်မှာ ဆွေခုနစ်ဆက် မျိုးခုနစ်ဆက် ဤသို့လှူလာခဲ့၍ လှူခြင်းသာ ဖြစ်သည်၊ ကျွန်ုပ်မလှူဒါန်း မပေးကမ်းဘဲနေပါက လူအပေါင်းတို့က ဆွေခုနစ်ဆက်မှာ အညံ့ဆုံး အဖျင်းဆုံးဟု ကဲ့ရဲ့မှာ ကြောက်၍သာ လှူနေရပါသည်"ဟု ရှင်းပြ၏။ ထို့နောက် သူကြွယ်က မိမိမယားအား ငယ်ရွယ်စဉ်ကပင် သင့်ကို လက်ထပ်ခဲ့သည်။ ငါ့ကိုမချစ်ကြောင်း တစ်စုံတစ်ရာ မရိပ်မိပါ၊ အရိပ်အယောင်မျှပင် မပြခဲ့၊ မချစ်ဘဲနှင့် ဘာကြောင့် ငါ့ကို ပေါင်းနေသနည်း"ဟု မေး၏။

"အရှင်၊ အကျွန်ုပ်တို့ အမျိုးမှာ ဆွေခုနစ်ဆက်ကစ၍ မိမိ ယောကျ်ားကိုပစ်ခဲ့ပြီး အခြားယောကျ်ားကို မယူခဲ့ဖူးကြပါ၊ ဆွေခုနစ်ဆက်ထိန်းသိမ်းခဲ့သောဂုဏ်သိက္ခာကို ဖျက်သောမိန်းမ ဟု ကဲ့ရဲ့မခံလို၍ သင်၏အပြုအမူတို့ကို မချစ် မနှစ်သက်ဘဲ အောင့်အီးသည်းခံ၍ ပေါင်းသင်းရခြင်းဖြစ်ပါသည်"ဟု ရှင်းပြ၏။ ထို့နောက် သူကြွယ်ဇနီးက "ငါသည် မပြောသင့်သော

www.dhammadownload.com



စကားကိုပြောမိ၍ ငါ့လင် ငါ့မုန်းတော့မည်ဟု ရသေ့ကြီး ရှေ့မှာပင် ချစ်လင်သူကြွယ်အား......

"အရှင် အကျွန်ုပ်သည် သားကိုချစ်ခြင်းကြောင့် မပြောသင့်သောစကားကို ပြောမိပါသည်၊ ခွင့်လွှတ်တော်မူပါ" ဟု ကန်တော့ တောင်းပန်လေ၏။

သူကြွယ်က....

"ငါခွင့်လွှတ်၏။ ယနေ့မှစ၍ ဤစိတ်မျိုး မထားပါနှင့်တော့၊ ငါသည်လည်း သင့်အပေါ် ဆက်ဆံမှုကို ပြုပြင်ပါမည်"ဟု ဆုံးမ ကတိပေး၏။ ဘုရားလောင်း ဒီပါယန ရသေ့က.....

"သူကြွယ်၊ ယနေ့မှစ၍ ကံ–ကံ၏အကျိုးကို ယုံယုံ ကြည်ကြည်နှင့် အလှူကိုလှူလော့"ဟု ဆုံးမ၏။

မဏ္ဍဗျသူကြွယ်က....

"အရှင်ရသေ့၊ ရဟန်းအဖြစ်၌ ပျော်မွေ့စွာ ကျင့်ဆောင်ပါလော့"ဟု သတိပေး၏။

ဤသစ္စာ၏ တန်ခိုးကြောင့် သူငယ် ရောဂါ ကင်းသွားသည်ကိုအကြောင်းပြု၍ မှန်သော သစ္စာစကား၏ တန်ခိုးတို့အား အလွန်ကြီးမားပါပေ၏ဟု ကိုယ်တွေ့ သိရှိကြပြီးနောက် မယားသည်လည်း လင်အပေါ်၌ ချစ်ခင် လေးမြတ်လေ၏။ သူကြွယ်သည် ကံ၏အကျိုးကိုယုံကြည်စွာ လှူဒါန်း၏။ ဘုရားလောင်းသည် ပျော်မွေ့စွာ ဈာန်အဘိညာဏ်ကို ဖြစ်စေလျက် တရားကို အားထုတ်၏။ ဤသို့ အသီးအသီး စိတ်ကိုပြုပြင် ပြောင်းလဲသွားကြ၏။

www.dhammadownload.com



**ဇာတ်ပေါင်းသော်**

မဏ္ဍဗျသူကြွယ်သည် - အာနန္ဒာ၊
သူကြွယ်သားသည် - ရာဟုလာ။
အာဏိမဏ္ဍဗျရသေ့သည် - သာရိပုတ္တရာ၊
ကဏှဒီပါယနရသေ့သည် - ငါဘုရားဖြစ်လာ၏။
ဟု ဇာတ်တော်ကိုပေါင်း၏။

O

## (၇) မြတ်သောမေတ္တာဝတ္ထု

(ဇာ ၂၈၂။ သေယျဇာတ်)

### ပစ္စုပ္ပန်ဝတ္ထု

မြတ်စွာဘုရားသည် ဇေတဝန် ကျောင်းတော်၌ သီတင်းသုံးစဉ် ကောသလမင်း၏ အမတ်တစ်ယောက်ကို အကြောင်းပြု၍ ဟောတော်မူ၏။ ထိုအမတ်သည် ကောသလမင်း၏ အုပ်ချုပ်မှု လုပ်ငန်းများတွင် အစစအရာရာ ပြီးစီးအောင် စီမံဆောင်ရွက်၏။ များစွာ ကျေးဇူးပြု၏။

ကောသလမင်းသည် ထိုအမတ်အား များစွာချီးမြှင့်၏။

ကောသလမင်းက လိုလိုလားလား ရှိသည်ကို မနာလိုကြသော အမတ်များက ကုန်းချောကြ၏။ မင်းသည် ယုံ၏။ သီလရှိသော၊ အပြစ်မရှိသော ထိုအမတ်ကို ဖမ်းဆီး၍ သံခြေကျဉ်းခတ်ကာ ထောင်သွင်း အကျဉ်းချထား၏။

www.dhammadownload.com



ထိုအမတ်သည် သီလနှင့်ပြည့်စုံ၍ နောင်အိမ်တွင်း၌ တိတ်ဆိတ် အေးချမ်းစွာနေရခြင်းကို အကြောင်းပြု၍ စိတ်ကို တည်ကြည်စေပြီ၊ သခါရတရားတို့ကို ရှုဆင်ခြင်ခြင်းဖြင့် မကြာမြင့်မီပင် သောတာပတ္တိဖိုလ်ကို ရလေ၏။

ကောသလမင်းသည် ထိုအမတ်၌ အပြစ်မရှိကြောင်းသိလျှင် ထောင်မှလွှတ်၍ ရှေးကထက်ပို၍ မြင့်မားသော ရာထူး စည်းစိမ်ကို ပေးထား၏။

ထိုအမတ်သည် ပန်းနံ့သာတို့ကို ယူ၍ ကျောင်းတော်သို့ မြတ်စွာဘုရားကို သွားရောက်ပူဇော် ဖူးမြော်၏။ မြတ်စွာဘုရားက ထိုအမတ်အား ပဋိသန္ထာရ စကားဖြင့် ပြောကြားပြီး "သင့်အား အကျိုးမဲ့ ဒုက္ခ တွေ့သည်ဟု ကြားရ၏" ဟု မိန့်တော်မူ၏။

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ တပည့်တော်သည် အကျိုးမဲ့ ဒုက္ခတွေ့ရပါ၏။ အကျိုးမဲ့ကား....... အကျိုးကို ဖြစ်ခဲ့ပါ၏"ဟု လျှောက်၏။

သဗ္ဗညု မြတ်စွာဘုရားက "သင်သာလျှင် အကျိုးမဲ့က အကျိုးကို ဖြစ်စေသည် မဟုတ်သေး၊ ရှေးပညာရှိတို့လည်း ဤသို့ဆောင်ခဲ့ဖူးပေပြီ"ဟုအတိတ်ဇာတ်ကိုဟောကြားတော်မူ၏။

## အတိတ်ဇာတ်

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း မင်းပြု၏။

ဘုရားလောင်းသည် ဗြဟ္မဒတ်မင်း ဖြစ်လာ၏။

www.dhammadownload.com



မင်းကျင့်တရား ဆယ်ပါးနှင့်အညီ ကျင့်၏။
အလှူပေး၏၊ ပဉ္စသီလဆောက်တည်၊ ဥပုသ်စောင့်၏။
မင်း၏ အမတ်တစ်ယောက်သည် နန်းတွင်း၌ပြစ်မှား၏။
အခြားအမတ်တို့သိ၍ မင်းကိုလျှောက်ကြ၏။
မင်းက တစ်စုံတစ်ရာ ဟုတ်မှန်၍ ရာထူးမှဖြုတ်၏။
ထိုအမတ်သည် ပြည်နီးချင်းမင်းထံ ခ,စား၏။
ဗာရာဏသီကို တိုက်ခိုက်ရန် တိုက်တွန်း၏။
ပြည်နီးချင်းမင်းသည် ဗာရာဏသီကို ဝန်းရံ၏။

ဗာရာဏသီမင်း၏ ခုနစ်ရာသော အမတ်တို့က ရန်သူမင်းကို ပြန်၍ တိုက်ကြရန် ခွင့်တောင်းကြ၏။

လူအများသေရမည့် မင်းအဖြစ် ငါအလိုမရှိ၊ မခုခံကြနှင့် မြို့တံခါးကိုဖွင့်ပေး၊ အားလုံးသတ္တဝါ ရန်သူများပါ မေတ္တာပို့ကြဟု အမိန့်ပေးပြီး ပလ္လင်ထက်တွင် အမတ်ပေါင်းခြံရံလျက် နေ၏။

ရန်သူမင်းတို့သည် ကြမ်းတမ်းစွာပင် မင်းနှင့်အမတ်ခုနစ်ရာတို့ကို ဖမ်းဆီးသံခြေကျ[illegible]တ်၍ အကျဉ်းချထား၏။

## မေတ္တာအကျိုး တန်ခိုးတော်

ဗာရာဏသီမင်းနှင့်တကွ အမတ်ပေါင်းတို့သည် အကျဉ်းထောင် အတွင်းမှာပင် ရန်သူတို့အပေါ် အာရုံပြု မေတ္တာဈာန်ကို ပွားများကြ၏။

ဗာရာဏသီမင်း၏ မေတ္တာအာနုဘော်ကြောင့် ရန်သူမင်း၏ တစ်ကိုယ်လုံး ပူလောင်လာ၏။ ပို၍ပို၍ ပူလောင်ပြီး မနေနိုင် မထိုင်နိုင်ဖြစ်လာ၏။

www.dhammadownload.com



"ဘယ်လို ဖြစ်လာပါလိမ့်" အကြောင်း အသို့နည်းဟု မေး၏။

"မင်းကျင့်တရား ၁၀–ပါးနှင့်အညီ ကျင့်သော၊ သီလမြဲသော၊ အလှူဒါနပြုသော မင်းကောင်းမင်းမြတ်ကို ဖမ်းဆီး အကျဉ်းချထားသဖြင့် ဤသို့ ဖြစ်ရသည်"ဟုပြောကြ၏။

ရန်သူမင်းလည်း ဘုရားလောင်းကို ကန်တော့၍ တိုင်းပြည်ကို ပြန်အပ်၏။ ကုန်းချောသောအမတ်အားလည်း ရာဇဒဏ်ပေး၍ နေရင်းနိုင်ငံသို့ ပြန်သွားစေ၏။

ဘုရားလောင်းသည် ရာဇပလ္လင်တွင်ထိုင်ကာ အမတ်တို့အား မေတ္တာကို ရည်ညွှန်း၍.....

"ကာသိတိုင်းသားအမတ်တို့၊ မြတ်သောကုသိုလ်တရားကို မြတ်သောအားဖြင့် မှီဝဲသောသူသည် အလွန်မြတ်လှ၏။ ငါသည် ရန်သူမင်းနှင့် သင့်တင့်ညီညွတ်စေ၍ အမတ်ခုနစ်ရာတို့ကို လွတ်စေရပြီ၊ သို့အတွက် လောကသားအားလုံးနှင့် သင့်တင့်ညီညွတ်စေနိုင်သောသူသည် တမလွန်ဘဝ၌ နတ်ပြည်၊ ဗြဟ္မာ့ပြည်သို့ လားရ၏။ ဤစကားကို သင်တို့နာကြားကြကုန်လော့"

ဘုရားလောင်းသည် လူအများအား ဤသို့ မေတ္တာဘာဝနာ၏ ဂုဏ်ကျေးဇူးကို ချီးမွမ်း၍ တစ်ဆယ့် နှစ်ယူဇနာ ရှိသော ဗာရာဏသီပြည်ကို စွန့်ပြီးလျှင် ဟိမဝန္တာသို့ ဝင်လေ၏။

## ဇာတ်ပေါင်းသော်

ရန်သူမင်းသည် – အာနန္ဒာ။

ဗာရာဏသီမင်းသည် – ငါဘုရားဖြစ်လာ၏။

ဟု ဇာတ်တော်ကိုပေါင်း၏။

၀

www.dhammadownload.com

# (၈) မေတ္တာပွားများနည်း

(ဓာ-၁၆၉-အရကဇာတ်)

## ပစ္စုပ္ပန်ဝတ္ထု

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ ၂ဟင်းသုံးစဉ်.... မေတ္တာသုတ်ကို အကြောင်းပြု၍ ဟောတော်မူသည်။

(အကျယ်ကား) မြတ်စွာဘုရားသည် ရဟန်းတို့ကို ခေါ်တော်မူ၍.....

ရဟန်းတို့.......

အကြိမ်ကြိမ် အထပ်ထပ် ပွားများအပ်သော မေတ္တာဘာဝနာကို အားထုတ်သူတို့မှာ.......

၁။ ချမ်းသာစွာအိပ်ရ၏။

၂။ ချမ်းသာစွာနိုးရ၏။

၃။ အိမ်မက်ဆိုးမမြင်မက်။

၄။ လူတို့၊ နတ်တို့ ချစ်မြတ်နိုး၏။

၅။ နတ်တို့စောင့်ရှောက်၏။

၆။ မီးမလောင်နိုင်။

၇။ အဆိပ်လည်း မသင့်နိုင်။

၈။ လက်နက်ဘေးရန်ကင်း၏။

၉။ စိတ်ပျံ့လွင့်ခြင်းမရှိ၊ ပျံ့လွင့်က လျင်မြန်စွာပျောက်၏။

၁၀။ မျက်နှာအဆင်းလှ၏။

၁၁။ မတွေမဝေသေရ၍ ဗြဟ္မာ့ပြည်သို့ ရောက်သည်။

www.dhammadownload.com



မြတ်စွာဘုရားသည် ဤအကျိုးဆယ်တစ်ပါးကို မချရကုန်၏ဟု မေတ္တာဘာဝနာကို ချီးမွမ်းတော်မူ၍.....

"ရဟန်းတို့ ...... ရဟန်းမင်သည်ကား သတ္တဝါအားလုံးတို့အပေါ်၌ ရည်ညွှန်းအပ်သော ဩဒိဿက မေတ္တာ၊ သတ္တဝါတို့ကို မရည်ညွှန်းသော အနောဒိဿက မေတ္တာအားဖြင့် ပွားများရပေမည်။ မိမိအကျိုးစီးပွားကို မလိုလားသူကိုသော်လည်းကောင်း၊ မိမိအကျိုးစီးပွားကို လိုလားသူကိုသော်လည်းကောင်း၊ မိမိအကျိုးစီးပွားဖြစ်သည် မဖြစ်သည်ကို လျစ်လျူရှုသူကိုသော်လည်းကောင်း၊ မိမိကပင် အကျိုးစီးပွား လိုလားသော မေတ္တာစိတ်ဖြင့် ပွားများအားထုတ်ရမည်။

ဤသို့ မေတ္တာကိုလည်းကောင်း၊ ကရုဏာကိုလည်းကောင်း၊ မုဒိတာကိုလည်းကောင်း၊ ဥပေက္ခာကိုလည်းကောင်း၊ ဤဗြဟ္မဝိဟာရတရားလေးပါးကို ပွားများအားထုတ်ရပေမည်။

"ရဟန်းတို့ ..... မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတည်းဟူသော ဗြဟ္မဝိဟာရတရားလေးပါးကို ပွားများအားထုတ်လျှင် မဂ်ဖိုလ်ကိုမရသော်လည်း သေလွန်သောအခါ ဗြဟ္မာပြည်သို့လားရ၏။

ရှေးပညာရှိတို့သည် ခုနစ်နှစ်ပတ်လုံး မေတ္တာဘာဝနာကို ပွားများ အားထုတ်စေ၍ ခုနစ်ပါးသော သံဝဋ္ဋ ဝိဝဋ္ဋကပ်ပတ်လုံး ဗြဟ္မာပြည်၌ နေဖူးကုန်ပြီ"ဟု မိန့်တော်မူ၍ အတိတ်ဇာတ်ကို ဟောတော်မူပေသည်။

www.dhammadownload.com



## အတိတ်ဇာတ်

ရှေးရှေးအခါ တစ်ခုသောကပ်ကမ္ဘာ၌ ဘုရားလောင်းသည် ပုဏ္ဏားမျိုး၌ဖြစ်၍ အရွယ်ရောက်သော် ရဟန်းပြု၍ ဗြဟ္မဝိဟာရတရားလေးပါးကို ပွားများအားထုတ်လျက် အရက အမည်ရ၏။ ဟိမဝန္တာ၌ တပည့်အပေါင်းများစွာနှင့်နေရ၏။ ထိုအရကဆရာ ဆုံးမသည်ကား....

"အိုရသေ့အပေါင်းတို့ ...... ရဟန်းတို့သည် မေတ္တာကို ပွားများအားထုတ်ရမည်။ ကရုဏာကို ပွားများအားထုတ်ရ မည်။ မုဒိတာကိုပွားများအားထုတ်ရမည်။ ဥပေက္ခာကိုပွားများအား ထုတ်ရမည်။ ထိုတရားလေးပါးသည် အပ္ပနာသို့ ရောက် ရှိသော် ဗြဟ္မာ့ပြည်သို့ လားရ၏ဟု ဆုံးမ၍ မေတ္တာပွားများပုံကို ညွှန်ပြသည်ကား.....

"အို ရသေ့အပေါင်းတို့ ..... အောက်ပါအတိုင်း ပွားများအားထုတ်ကြကုန်လော့၊ ဤမြေအပြင်မှ နေဝသညာနာသညာယတန ဗြဟ္မာ့ပြည်အထိ အထက်အရပ်၌ နေကြကုန်သော သတ္တဝါတို့သည် လည်းကောင်း၊ ဤမြေအပြင်မှ ဥဿဒငရဲတိုင်အောင် အောက်အရပ်ဟု ဆိုအပ်သော အရပ်၌ နေကြကုန်သော သတ္တဝါ အပေါင်းတို့သည် လည်းကောင်း၊ လူတို့ ပြည်၌ စကြဝဠာတိုရှိကြကုန်သော ဘေးပတ်လည် ဖီလာ အရပ်၌ ရှိကြကုန်သော သတ္တဝါအပေါင်းတို့သည်လည်းကောင်း ရှိကြပါကုန်၏။ ထိုသတ္တဝါအပေါင်းတို့သည်......

အဝေရာ၊ ရန်မရှိကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန် သတည်း၊

အဗျာပဇ္ဈာ၊ စိုးရိမ်ကြောင့်ကြ မရှိကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါ စေကုန်သတည်း။

www.dhammadownload.com



အနိဿာ၊ ဆင်းရဲခြင်း မရှိကြကုန်သည်၊ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

သုခိ၊ ချမ်းသာခြင်းရှိကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

အတ္တာနံ မိမိကိုယ်ကို၊ ပရိဟရန္တု၊ ဆောင်နိုင်ကြပါစေကုန်သတည်း။

ဤသို့ အထက်,အောက်, ဖီလာရပ်များဟု ဆိုအပ်ကုန်သော သုဂတိ, ဒုဂ္ဂတိ အားလုံးကို မေတ္တာစိတ်ဖြင့် ပျံ့နှံ့စေလျက် သတ္တလောက အားလုံးကို စောင့်ရှောက်အပ်၏။

**မှတ်ချက်။** ။ ဤဩအရပ်သုံးမျက်နှာ ပြထားသော်လည်း ယခုခေတ်၌ အရပ်ဆယ်မျက်နှာအထိ အစိတ်စိတ်ခွဲ၍ မေတ္တာကို ပိုမိုနှံ့စိမ့်သောငှာ ပွားများကြ၏။ (၁) အထက်အရပ်၊ (၂) အောက်အရပ်အပြင်၊ (၃) ပတ်ပတ်လည်ဖီလာအရပ်ကို အရပ်ရှစ်မျက်နှာခွဲ၍ အသေးစိတ်ပွားများနိုင်ပါသည်။

ဘုရားလောင်းသည် တပည့်တို့အား မေတ္တာကိုပွားစေခြင်းအကျိုးကိုဟော၍ သေလွန်သောအခါ သံဝဋ္ဋ, ဝိဝဋ္ဋ ကပ်တို့ပတ်လုံး ဤလူ့ပြည်သို့ တစ်ဖန် မလားမရောက်ကုန်ဟုမြတ်စွာဘုရားသည် ဟောကြားတော်၏။

## ဇာတ်ပေါင်းသော်

ရသေ့အပေါင်းသည် ဘုရားပရိသတ်။

အရကာ့ရသေ့သည် ငါဘုရား-

ဟု ဇာတ်တော်ကိုပေါင်း၏။

၀

www.dhammadownload.com

# (၉) ရန်သူကို အေးမြစေသော မေတ္တာ

(ဇာ ၁၅၄၊ ဥရဂဇာတ်)

## ပစ္စုပ္ပန်ဝတ္ထု

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ်..... ကောသလမင်းကြီး၏ စစ်သူကြီး နှစ်ယောက်သည် မသင့်မြတ်ကြ......

တွေ့ရာနေရာမှာ ရန်ဖြစ်ကြသည်ကို တစ်မြို့လုံးသိ၏။ မင်းကြီးမှစ၍ မည်သူမျှ သူတို့နှစ်ဦးကို သင့်မြတ်အောင်မလုပ်နိုင်ကြ။

## မေတ္တာအကျိုးပြ သောတာပတ္တိရ

တစ်နေ့တွင် မြတ်စွာဘုရားသည် မိုးသောက်အခါ ကျွတ်ထိုက်သော သတ္တဝါတို့ကို ကြည့်တော်မူလျှင် ထိုစစ်သူကြီးနှစ်ယောက်ကို မြင်တော်မူ၍ ဆွမ်းခံချိန်တွင် ကိုယ်တော်တစ်ပါးတည်း ဆွမ်းခံကြွတော်မူပြီး စစ်သူကြီးတစ်ယောက်၏ အိမ်ရှေ့တွင်ရပ်တော်မူ၏။ စစ်သူကြီးသည် မြတ်စွာဘုရားကို အိမ်ပေါ်သို့ပင့်လေ၏။ မြတ်စွာဘုရားသည် စစ်သူကြီးအား မေတ္တာအကျိုးကို ဟောတော်မူ၍ သစ္စာကို ပြတော်မူသော အဆုံးတွင် သောတာပတ္တိဖိုလ်၌ တည်လေ၏။

## ဝန်ချတောင်းပန်ကျေအေးရန်

မြတ်စွာဘုရားသည် သောတာပန်တည်ပြီးသော စစ်သူကြီးအား သပိတ်ကိုထမ်းစေလျက် အခြားစစ်သူကြီး အိမ်ရှေ့တွင် ရပ်ပြန်၏။ ထိုစစ်သူကြီးလည်း မြတ်စွာဘုရားကို အိမ်ပေါ်သို့

www.dhammadownload.com



ပင့်ပြန်၏။ မြတ်စွာဘုရားသည် ရေ့နည်းအတူ ဟောကြား တော်မူပြန်လျှင် ထိုအမတ်လည်း သောတာပန် တည်ပြန်၏။

စစ်သူကြီးနှစ်ယောက်လည်း အပြန်အလှန် ဝန်ချတောင်း ပန်ကြ၏။

ထိုအကြောင်းနှင့်စပ်၍ မြတ်စွာဘုရားက ရှေးအခါက လည်း သင့်မြတ်စေရန် ဆောင်ရွက် ပေးခဲ့ဖူးပြီးဟု မိန့်တော် မူကာ အတိတ်ဇာတ်ကို ဆောင်တော်မူသည်။

## အတိတ်ဇာတ်

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုစဉ်၊ဘုရားလောင်း သည် ရသေ့ဖြစ်၍ မြစ်ကမ်းတွင်နေရ၏။ ဗာရာဏသီမြို့တွင် ပွဲတော်ကြီး ကျင်းပ၏။ နတ်,နဂါး,ဂဠုန်တို့ပါ လူယောင် ဖန်ဆင်း၍လာကြ၏။ ထိုပွဲတွင် နဂါးသည် ဂဠုန်၏ပုခုံးပေါ် တွင် အမှတ်တမဲ့ လက်တင်လျက်ကြည့်၏။ ဂဠုန်က နဂါးမှန်း သိလေ၏။ နဂါးကလည်း ဂဠုန်မှန်းသိသောအခါ မြို့မှထွက်၍ မြစ်ဆိပ်သို့ပြေးလေ၏။

## ဘုရားလောင်းရသေ့ ကယ်တင်ခြင်း

ထိုအချိန်၌ ဘုရားလောင်းရသေ့သည် မြစ်ဆိပ်တွင် ရေချိုး ဆင်းနေ၏။ နဂါးသည် ပတ္တမြားလုံးသဏ္ဌာန် ဖန်ဆင်းကာ သင်္ကန်းကြားတွင် ဝင်နေ၏။ ဂဠုန်သည် သင်္ကန်းကို ရိုသေ၍ မဖမ်းသေးဘဲ ရသေ့အား....

"ရှင်ရသေ့၊ နဂါးသည် ပတ္တမြားလုံးဟန်ဆောင်ကာ သင်္ကန်း အတွင်း၌ ဝင်နေပါသည်။ အကျွန်ုပ်သည် အရှင်ဘုရားတို့၏

www.dhammadownload.com



မြတ်သော အဆင်းတော်ကို ရှိသေခြင်းကြောင့် နဂါးကို ဆာလောင်လျက် မစားဝံ့ပါ၊ သက်န်းတော်ကို ယူပါလော့၊ နဂါးကိုစားပါမည်”ဟု လျှောက်ထား၏။

ရသေ့သည် ရေဒြနေလျက်ပင် ဂဠုန်မင်းအား.....

“အို-ဂဠုန်မင်း၊ သင်သည် မြတ်သောရသေ့ရဟန်းကို ပူဇော်ခြင်းကြောင့် နဂါးကိုစားလိုလျက် မစားသော သင်သည် ဗြဟ္မာမင်း စောင်ရှောက်၍ အသက်ရှည်ပါစေ၊ သင့်အတွက် နတ်သုဒ္ဓါ- ရနိုင်ပါစေ”ဟု မေတ္တာပို့ ဆုပေးကာ ရေထဲမှ တက်၍ ဂဠုန်နှင့်နဂါးနှစ်ဦးစလုံးကိုကျောင်းတော်သို့ခေါ်ကာ မေတ္တာဘာဝနာအကျိုးကို ဟောကြားသဖြင့် ဂဠုန်နှင့်နဂါး တို့သည် ညီညွတ် ချစ်ခင်သွားကြလေသည်။

### ဇာတ်ပေါင်းသော်

နဂါးနှင့်ဂဠုန်သည် စစ်သူကြီးနှစ်ယောက်၊
ရသေ့သည် ငါဘုရားဖြစ်လာ၏-
ဟု ဇာတ်တော်ကိုပေါင်း၏။

၀

www.dhammadownload.com

## (၁၁) သီလရှိသူ၏အစိုးဉာဏ်

(ဇာ-၁၉၄-မဏိစောရဇာတ်)



### ပစ္စုပ္ပန်ဝတ္ထု

မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးစဉ် ဘုရား ရှင်ကိုသတ်ရန် အားထုတ်သော ဒေဝဒတ်ကိုအကြောင်း ပြု၍ဟောကြားတော်မူ၏ ။

### အတိတ်ဇာတ်

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုစဉ်၊ ဘုရားလောင်း သည် ဗာရာဏသီမြို့တော်နှင့်မနီးမဝေး ရွာငယ်တစ်ခုတွင် သူကြွယ်မျိုး၌ဖြစ်၏ ။ ဘုရားလောင်း အရွယ်ရောက်လျှင် ဗာရာ ဏသီမြို့သူ သုဇာတာမည်သော သတို့သမီးနှင့် လက်ထပ်၏ ။

www.dhammadownload.com



ထိုသုဇာတာသည် ရွှေအဆင်းကဲ့သို့ ဝါဝင်းသော အသား အရေရှိ၍ လှပတင့်တယ်၏။ အကျင့်သီလနှင့်ပြည့်စုံ၏။ လင်ကို အရှင်သခင်ကဲ့သို့ လုပ်ကျွေးပြုစု၏။ လင်ဝတ်၊ ယောက္ခမဝတ်ကို အမြဲ မပြတ်ပြုစု၏။ ငါးပါးသီလကို လုံခြုံအောင်စောင့်ထိန်း၏။

တစ်နေ့တွင် သုဇာတာသည် ဗာရာဏသီမြို့ရှိ မိဘများထံ ကန်တော့ရန် သွားလိုကြောင်းပြော၏။ လင်ဖြစ်သူသည် မုန့်ပဲ သွားရည်စာ၊ စားနပ်ရိက္ခာ၊ လက်ဆောင်ပစ္စည်းများကို စီစဉ် ပြီး လင်မယားနှစ်ယောက် လှည်းနှင့်ထွက်ခဲ့ကြ၏။

ဗာရာဏသီမြို့မဝင်မီတွင် လှည်းကိုရပ်နားကာ ရေကန်တွင် ရေချိုးကြ၏။ သုဇာတာသည် အဝတ်အစား အသစ်များ လဲလှယ် ဖီးလိမ်း တန်ဆာဆင်ပြီး လင်က လှည်းမောင်း၍ မယားက လှည်းနောက်မြီးမှာထိုင်၍ ဗာရာဏသီမြို့တွင်းသို့ ဝင် ခဲ့ကြ၏။ မြို့အဝင်တွင် ဗာရာဏသီမင်းကြီး 'မင်္ဂလာဆင်တော်' စီး၍ မြို့တွင်းလှည့်လည်သည်နှင့် ကြုံကြိုက်ကြ၏။

မင်းကြီးသည် လှန်းပေါ်မှ သုဇာတာကို မြင်သည်နှင့် လိုချင်တပ်မက်လာ၏။ မင်းချင်းတစ်ယောက်အား ပိုင်ဆိုင်သူ လင်သား ရှိမရှိ စုံစမ်းစေ၏။ လှည်းမောင်းသူမှာ သုဇာတာ၏ လင်ဖြစ်ကြောင်း သိရ၏။

## ပတ္တားမြားဆံကျင်

မင်းကြီးသည် သုဇာတာကိုလိုချင်သည်။ အမှုဆင်ပြီးလင်ကို သတ်၍မယားကိုယူရန် ကြံစည်တော့၏။ မင်းချင်းတစ်ယောက် အား မင်း၏ ပတ္တားမြားဥဿျှောင်ကျင်ကို လှည်းပေါ်တွင် မသိ

www.dhammadownload.com



မသာ ထားခဲ့ရန် စေလွှတ်၏။ မင်းချင်းလည်း မင်းကြီး နိုင်းသည့်အတိုင်းပင် ပြုလုပ်ဆောင်ရွက်၏။

ယုတ်မာ၍ တရားမစောင့်သောမင်းသည် "ငါ၏ ပတ္တမြားဥသျှောင်ကျင် ပျောက်၏"ဟု ကြေငြာ၏။ "မြို့တံခါးတို့ကို ပိတ်၍ သူခိုးဖမ်းကြလော့"ဟု အမိန့်ပေး၏။ မြို့သူမြို့သားတို့လည်း တုန်လှုပ်ချောက်ချားသွားကြ၏။ (ဥသျှောင်ကျင်သည် မင်းမြောက်တန်ဆာ ငါးပါးဖြစ်သည့် မကိုဋ် သင်းကျစ်ကို ဦးခေါင်း၌မြဲအောင် ထိုးချိတ်ထားရသည့် ပတ္တမြားစီထားသော ဆံထိုးဖြစ်သည်။)

## သတ်စေ

အတွင်းသိမင်းချင်းက လူများကို ခေါ်ယူပြီး လှည်းကို ရှာတော့၏။ သူဝှက်ထားသည့် လှည့်ပေါ်မှ မင်း၏ ပတ္တမြားဥသျှောင်ကျင်ကို ဆွဲယူ၍ "သူခိုး"ဟု ကြွေးကြော်ပြီး နောင်ကြိုးတုတ်၍ ရိုက်နှက်ကာ မင်းကြီးထံပို့၏။

မယားဖြစ်သူ သုဇာတာသည် ရုတ်တရက် တရားခံဖြစ်လိုက်ရသော လင်၏ဖြစ်ပုံကိုကြည့်၍ ရင်ထုမနာဖြစ်ကာ လှည်းကို ထားခဲ့ပြီး နောက်မှလိုက်သွား၏။

"မင်းကြီးက သူခိုးကိုဦးခေါင်းဖြတ်၍သတ်စေ"ဟု အမိန့်ပေး၏။

မင်းချင်းတို့သည် သူကြွယ်လုလင်ကို ဆူးရှိသောကြိမ်တို့ဖြင့် လမ်းလေးခွဆုံတိုင်း၌ အမျိုးမျိုးရိုက်နှက်ညှဉ်းဆဲ၍ လူသတ်စည်ကိုတီးကာ တောင်တံခါးမှထွက်ကြ၏။

မယားဖြစ်သူ သုဇာတာသည် လင်၏ဒုက္ခကိုကြည့်၍ သဲအူပြောင်းပြန်ဖြစ်ကာ မချိမဆန့်ငိုကြွေးရှာ၏။ မင်းချင်းတို့လည်း

www.dhammadownload.com



သတ်ရန်အတွက် သူကြွယ်လုလင်ကို စဉ်းတီးတုံး၌ပင် လှဲအိပ်စေ၏။

## သီလရှိသူ၏တန်ခိုး

သုဇာတာမြင်လျှင် မိမိသီလ၏ဂုဏ်ကျေးဇူးကို ဆင်ခြင်၍ အထက်သို့ လက်အုပ်ချီလျက် အဓိဋ္ဌာန်ကာ.....

ဤလောက၌ သီလရှိသူတို့ကို ကြည့်ရှုစောက်ရှောက်တတ်ကုန်သောနတ်တို့ မရှိကြကုန်ယောင်တကား.......

လောကကို စောင့်ရှောက် ချီးမြှောက် တတ်ကုန်သော လောကပါလ တရားတို့ မရှိကြကုန်ယောင်တကား၊ အဆောတလျှင် မဆင်ခြင်ဘဲ ရက်စက်ကြမ်းကြုတ်စွာ ပြုလုပ်သူတို့ကို တားမြစ် ပိတ်ပင်နိုင်သောနတ်တို့ မရှိကြကုန်ယောင်တကား" ဟု သမ္မာဒေဝနတ်တို့ကို တိုင်တည်ကာ ငိုကြွေးတိုင်တန်းလေ၏။

## သိကြားမင်းမနေနိုင်

ထိုအခါ သိကြားမင်းသည် ငါးပါးသီလမြဲသည့်သုဇာတာ၏ အဓိဋ္ဌာန် တန်ခိုးကြောင့် ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာသည် တင်းမာ ပူလောင်လာ၍ အကြောင်းကိုကြည့်ရှုဆင်ခြင်သော် ဗာရာဏသီမင်းယုတ်၏ မဟုတ်မတရား ရက်စက်ကြမ်းကြုတ်စွာ ပြုမူနေပုံကိုမြင်၏။

သိကြားမင်းသည် ချက်ချင်းလူ့ပြည်ဆင်းကာ စဉ်တီးတုံးတွင် ပက်လက်အိပ်နေရသည့် သူကြွယ်လုလင်ကို မင်းမြောက်တန်ဆာကို တန်ခိုးဖြင့် ဆင်ယင်ပေးပြီး ဆင်ပေါ်တင်၊ ဆင်ပေါ်မှ မင်းယုတ်ကို စဉ်းတီးတုံးပေါ်သို့ ပြောင်း၍လဲလှယ်လိုက်၏။

www.dhammadownload.com



**မည်**သူမှုမမြင်လိုက်ကြ၊ မသိလိုက်ကြ။မင်းချင်းတို့သန်လျက်ဖြင့် ဦးခေါင်းကို ဖြတ်ပြီးမှပင် မင်းကြီး ဦးခေါင်းမှန်းသိကုန်၏။

ထိုအခါမှ သိကြားမင်းသည် ကိုယ်ကို ထင်ရှား ပြကာ သူကြွယ် လုလင်ကို အဘိသိက် သွန်း၍ မင်းမြှောက် လျက်၊ သုဇာတာကို မိဖုရားအရာ၌ ထားလေ၏။

မှူးမတ်တို့သည် သိကြားမင်းကိုမြင်လျှင် "သိကြားမင်းသည် တရားမစောင့်သောမင်းကို သတ်အပ်ပေပြီ၊ ငါတို့သည် သိကြား မင်းပေးသော တရားစောင့်သည့် မင်းကောင်းမင်းမြတ် ရအပ် ပေပြီ"ဟု ဝမ်းမြှောက်ကြကုန်၏။

သိကြားမင်းသည် ကောင်းကင်မှရပ်လျက်....

"အချင်းတို့၊ တရားမစောင့်သောမင်း၏ နိုင်ငံ၌ မိုးပင်ရွာ သော်လည်း ရွာသင့်သောအခါ၌မရွာ၊ မရွာသင့်သောအခါ၌ ရွာ၏။ တရားမစောင့်သောမင်းသည် နတ်ပြည်၌မင်းအဖြစ်ရစေ ကာမူ နတ်ပြည်မှရွေ့လျောရ၏။ တရားမစောင့်သောမင်းသည် ညှိုးလောက်သင်တို့ကို ညှဉ်းဆဲပြီးပြီ မဟုတ်လော"

ဟု ဆိုးမကာ နတ်ပြည်သို့ ပြန်လေ၏။ သူကြွယ်မင်းလည်း အဂတိလေးပါး မလိုက်စားဘဲ တရားနှင့်အညီ မင်းပြုသဖြင့် လူတို့ကို တရားစောင့်ကြစေသဖြင့် နတ်ပြည်၌စည်ကားစေ၏။

## ဇာတ်ပေါင်းသော်

တရားမစောင့်သောမင်းသည် ဒေဝဒတ်၊
သိကြားမင်းသည် အနုရုဒ္ဓါ၊
သုဇာတာသည် ရာဟုလာမယ်တော်၊
သိကြားမင်းပေးသောမင်းကား ငါဘုရား၊

ဟု ဇာတ်တော်ကိုပေါင်း၏။

www.dhammadownload.com

# (၁၁) နူနာကိုသစ္စာနှင့်ကုသော သမ္ဗုလာ

(ဇာ-၅၁၉၊ သမ္ဗုလာဇာတ်)




## ပစ္စုပ္ပန် ဝတ္ထု

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ်- ကောသလမင်းကြီး၏ မိဖုရားကြီး မလ္လိကာ မိဖုရားကို အကြောင်းပြု၍ ဟောကြားတော်မူ၏။ အကြောင်းကား....

မလ္လိကာမိဖုရားသည် မုယောမုန့် သုံးဆုပ်ကို လှူဒါန်းသော နေ့မှာပင် ကောသလမင်း၏ မိဖုရားဖြစ်ခဲ့ရသည်။

ထိုအကြောင်းကို သတ္တကနိပါတ် ကုမ္မာသပိဏ္ဍဇာတ်၌ လာသည်ကို ပြဆိုပါဦးအံ့။

ထိုမလ္လိကာ မိဖုရားသည် သာဝတ္ထိပြည်မှ ပန်းသည်ကြီး တစ်ဦး၏ သမီးဖြစ်၏။ အလွန်လှပ၏။ ဉာဏ်ပညာကြီး၏။

www.dhammadownload.com



တစ်ဆယ်ခြောက်နှစ်အရွယ်ရှိသောအခါ တစ်နေ့တွင် အဖော်များနှင့် ဥယျာဉ်သို့သွားကြရာ ပန်းတောင်းတွင် မုယောမုန့်သုံးဆုပ်ကို ထည့်သွား၏။

## မုယောမုန့်အလှူ

မြို့မှအထွက်တွင် ရဟန်းအပေါင်းခြံရံလျက် ဆွမ်းခံကြွလာသော မြတ်စွာဘုရားကို ဖူးတွေ့ရသောအခါ အလွန်ကြည်ညိုလှသဖြင့် ပါလာသော မုယောမုန့်သုံးဆုပ်ကိုလှူ၏။ မြတ်စွာဘုရားသည် သပိတ်တော်ကို ညွတ်၍ ခံယူတော်မူ၏။မလ္လိကာလည်း မြေတွင်ဝပ်၍ ထိခြင်း ၅-ပါးဖြင့် ရှိခိုး၍ ဘုရားရှင်ကို အာရုံထား၍ လှူဒါန်းရသောပီတိစိတ်တို့ ဖြစ်ပေါ်၍နေ၏။ မြတ်စွာဘုရားသည် မလ္လိကာကိုကြည့်၍ ပြုံးတော်မူ၏။

မြတ်စွာဘုရားပြုံးတော်မူသည်ကိုမြင်သော အရှင်အာနန္ဒာသည် အကြောင်းထူးတစ်စုံတစ်ရာ ရှိပေမည်ဟု မြတ်စွာဘုရားကို မေးလျှောက်၏။ မြတ်စွာဘုရားက "ဤသတို့သမီးသည် မုယောမုန့်ကို လှူသောအကျိုးကြောင့် ယနေ့ပင် ကောသလမင်း၏ မိဖုရားကြီးဖြစ်လိမ့်မည်"ဟု မိန့်တော်မူ၏။ သတို့သမီးသည် ဥယျာဉ်သို့ ထွက်ခွာသွား၏။

## ကောသလမင်းနှင့် အဇာတသတ် ရန်ငြိုး

ထိုနေ့တွင် ကောသလမင်းသည် တူတော်မောင် အဇာတသတ်နှင့် စစ်ထိုးရာမှ စစ်ရှုံးသဖြင့် တစ်ကိုယ်တော်တည်း မြင်းတစ်စီးဖြင့်ပြေးခဲ့ရသည်။ သာဝတ္ထိပြည် ကောသလာမင်းကြီးသည် ရာဇဂြိုဟ်ပြည် တူတော်မောင်အဇာတသတ်မင်းတို့ မကြာခဏ စစ်ထိုးခြင်း၏ အကြောင်းကား ကောသလမင်းကြီး၏

www.dhammadownload.com



ဖခင် မဟာကောသလမင်းကြီးသည် သမီးတော် ဝေဒေဟီအား ရာဇာဂြိုဟ်ပြည် ဗိမ္ဗိသာရမင်းနှင့် လက်ဆက်ပေး၏။ မဟာကောသလမင်းကြီးသည် သမီးတော် ဝေဒေဟီအတွက် ရွာကြီးတစ်ရွာ ဆုအဖြစ် လက်ဖွဲ့ခဲ့၏။

မဟာကောသလ ကွယ်လွန်သောအခါ သာဝတ္ထိပြည်ကို ကောသလမင်းကြီး အုပ်စိုး၏။ ရာဇဂြိုဟ်ပြည် ယောက်ဖတော် ဗိမ္ဗိသာရမင်းနှင့် နှမတော်ဝေဒေဟီတို့အား အလွန်ချစ်ကြည် မြတ်နိုးတော်မူ၏။

ဗိမ္ဗိသာရမင်းနှင့် ဝေဒေဟီ မိဖုရားတို့မှာ သားတော် အဇာတသတ်ကို ဖွားမြင်၏။ အဇာတသတ်သည် ဒေဝဒတ်နှင့် အပေါင်းများ၍ ခမည်းတော် ဗိမ္ဗိသာရကို ထောင်သွင်း အကျဉ်းထား၊ ခြေဖဝါးခွဲ ဆားပတ်ပြီး အစာမကျွေးဘဲ ထားသဖြင့် ဗိမ္ဗိသာရမင်းကြီးမှာ ထောင်တွင်း၌ ကံတော်ကုန် ရရှာလေသည်။ ဝေဒေဟီမိဖုရားကြီးမှာလည်း ထိုသောက ကြောင့်ပင် အနိစ္စရောက်ရရှာလေသည်။

အဇာတသတ်သည် ဖခင်ကိုသတ်၍ မင်းပြု၏။ ကောသလ မင်းကြီးသည် တူတော်မောင် အဇာတသတ်ကို မကျေနပ်၊ မိမိ ခမည်းတော် မဟာကောသလမင်းကြီးက သမီးတော် ဝေဒေဟီ ကိုပေးခဲ့သော သာဝတ္ထိပိုင်ရွာကိုပြန်တောင်း၏။ အဇာတသတ် က မပေး၊ တိုက်၍ယူမည်ဟု ကောသလမင်းသည် အကြိမ်ကြိမ် စစ်တိုက်၏။ ရှုံး၍သာ ပြန်ခဲ့ရ၏။ ယခုတစ်ကြိမ်တွင်လည်း စစ်ကို အရှုံးနှင့်ရင်ဆိုင်ရသဖြင့် ပန်းလှစွာဖြင့် ပြန်လာခဲ့ရ၏။

www.dhammadownload.com



## ဥယျာဉ်တွင်းမှ သီချင်းသံ

ကောသလမင်းသည် ဥယျာဉ်တွင်းမှ သာယာသော သီချင်းသံကို နားစွင့်မိ၏။ မိလ္လိကာသည် ပန်းခူးရင်း သီချင်းဆိုနေသည်ကို ကောသလမင်းသည် မြင်ရ၏။ ချောမောလှပသော သူငယ်မကလေးပါတကားဟု စိတ်ထဲမှ ချီးကျူးကာ ဗိုလ်ပါများကိုထားခဲ့ကာ သီချင်းသံကြားရာ ဥယျာဉ်တွင်းသို့ မြင်းကို နှင်း၏။

ဘုန်းရှင် ကံရှင် မိန်းကလေးသည် မိမိထံ လာနေသော မင်းဝတ်မင်းစားနှင့် မြင်းစီးရှင်ကို မြင်၍ ကြောက်လန့်ပြီး ပပြေး၊ အနီးသို့ရောက်လာသော မြင်း၏နှာခေါင်းကိုပင် ကိုင်ပွယ် ပွတ်သပ်ပေးနေသေး၏။

## မိဖုရားအဖြစ် တင်မြှောက်ခြင်း

ကောသလမင်းသည် မြင်းပေါ်ကပင် မိန်းကလေးတွင် အိမ်ထောင် ရှိမရှိ မေး၏။ မလ္လိကာသည် ဦးခေါင်းကို ရှက်စနိုးငုံ့၍ အသာအယာပင် ခေါင်းယမ်း၏။ အရှင် မရှိသေးဟု သိလျှင် ကောသလမင်းသည် မြင်းပေါ်မှဆင်း၍ ပင်ပန်းခဲ့သမျှ မိလ္လိကာ၏ ရင်ခွင်တွင် ခေတ္တမျှ အပန်းဖြေပြီး မလ္လိကာကို မြင်းပေါ်တင်၍ ဗိုလ်ပါအပေါင်းခြံရံပြီး မြို့ကို ဝင်ကာ မိန်းကလေးမိဘများအိမ်သို့ ပို့ခဲ့၏။

နန်းတော်သို့ပြန်ရောက်ပြီး အစီအစဉ်များပြုလုပ်၏။ ထူးမြတ်သော ယာဉ်ရထားတွင် ရတနာများ စီခြယ်ကာ အမြတ်တနိုး နန်းတော်တွင်းသို့ ခေါ်ဆောင်ခဲ့ပြီး ရတနာပုံပေါ်တွင် အဘိသိက်သွန်းကာ မိဖုရားကြီးအရာ တင်မြှောက်လေသည်။

www.dhammadownload.com



## ကျော်စောထင်ရှားမလ္လိကာမိဖုရား

ကောသလမင်းသည် မိလ္လိကာ မိဖုရားကြီးအား အလွန်ချစ်ခင်၏။ မိဖုရားကြီးကလည်း လင်ဝတ္တရား ကျေပွန်လှစွာရှိ၏။ လင်ကိုနတ်ကဲ့သို့ရှိသေစွာပြုစုလုပ်ကျွေး၏။ ဘုဏ်ပညာနှင့်ပြည့်စုံ၏။ မြတ်စွာဘုရားကိုလည်း ကြည်ညိုး၏။ အကျွမ်းတဝင်ရှိ၏။ မြတ်စွာဘုရားကို မှယောမှန့်လှူ၍ နေ့ချင်းမိဖုရားကြီးဖြစ်ရကြောင်းမှာ တစ်မြို့လုံးနှံ့၏။ လင်ကို နတ်ကဲ့သို့ ရိုသေသော အဖြစ်သည်လည်း သာဝတ္ထိတစ်ပြည်လုံး ကျော်စောထင်ရှား၏။

## အတိတ်ဇာတ်ကြောင်းကိုဟောကြားရာ

တစ်နေ့သော တရားသဘင် မကျင်းပမီ ရဟန်းတို့သည် မလ္လိကာမိဖုရား၏ ကျင့်ဝတ် ပြည့်စုံခြင်း၊ လင်အပေါ်တွင် ရိုသေကြည်ညိုခြင်းအကြောင်းကို ပြောဆိုနေကြ၏။ မြတ်စွာဘုရားကြွလာလျှင်ထိုစကားကိုကြားတော်မူ၍မလ္လိကာသည် ယခုဘဝသာမဟုတ်၊ ရှေးအခါ၌လည်း လင်ကို နတ်ကဲ့သို့ ရိုသေခဲ့သည်သာတည်းဟု မိန့်တော်မူ၍ အတိတ် ဇာတ်ကို ဟောကြားတော်မူသည်။

## အတိတ်ဇာတ်

### တော်လေးဝအပါအဝင် သမ္ဗုလာ

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြု၏။ သားတော်သောတ္ထိသေနမင်းသားသည် အိမ်ရှေ့မင်းသားဖြစ်၏။ အိမ်ရှေ့မိဖုရားသည် သမ္ဗုလာ အမည်ရှိ၏။

သမ္ဗုလာသည် အလွန်တည်ငြိမ် ခန့်ငြားလှပ၏။

www.dhammadownload.com



လေငြိမ်ရာတွင်ထွန်းအပ်သော ဆီးမီးတောက်ကဲ့သို့ ကိုယ်ရေအဆင်း ဝင်းဝါတောက်ပ၏။

## နူနာရောဂါစွဲကပ်ရာလျှင်

သောတ္ထိသေနမင်းသားတွင် ယားယံသောရောဂါမှတစ်စတစ်စ ကုသရင်းကပင် နူနာစွဲလာ၏။ ကုတ်ရင်းကပင် ကိုယ်ရည်စိုရွှဲကာ ရွံဖွယ်လိလိ ဖြစ်လာ၏။ သမားတော်ကြီးများပင်ကံနာဝဋ်နာအဖြစ်ထားကာ လက်လျှော့ရလေ၏။

သောတ္ထိသေနမင်းသားသည် မိမိကိုယ်ကိုပင်ရွံရှာ၍လာ၏။

ဤသို့သော လူတစ်ကာရွံရှာဖွယ်ရာသော ခန္ဓာကိုယ်ဖြင့်မင်းအဖြစ်ပြုလုပ်ရလျှင် အဘယ်အကျိုးရှိမည်နည်း၊ လူသူမနီးတောကြီးထဲမှာပင် တစ်ကိုယ်တည်းနေကာ အသေခံပါတော့မည်ဟု ခမည်းတော်မင်းကြီးအား လျှောက်ကြား၍ ရွှေအိမ်ရွှေနန်းစွန့်ကာ မြို့မှထွက်ခွာသွား၏။

သမ္ဗုလာသည် လင်တော်မောင်တစ်ကိုယ်တည်း တောလမ်းခရီးသို့ ထွက်သွားပြီကိုသိသည်နှင့် ရဲရွှေတော်အဖော်များပင်မသိစေဘဲ တောလမ်းခရီးသို့အပြေးလိုက်ကာ သွားလေ၏။

သောတ္ထိသေနသည် သမ္ဗုလာလိုက်လာသည်ကိုသိလေလျှင် အမျိုးမျိုးဖျောင့်ဖျတားမြစ်လေ၏။ မရလျှင် ခြိမ်းခြောက်ကာတားမြစ်ပြန်၏။ သမ္ဗုလာက သတ်လိုလျှင် သတ်ပါ။ မယားကောင်းတို့ဝတ္တရား၊ လင်ဖြစ်သူနှင့်အတူ သေလိုသေ ရှင်လိုရှင်၊ ဖဝါးခြေထပ် ထပ်ချပ်မကွာ လိုက်ပါမည်ဟုဆိုကာ လိုက်ပါ၍သွားလေ၏။

www.dhammadownload.com



## လင့်ဝတ်ကျေလှ ထိုမိန်းမ

သောတ္တိသေနမင်းသားသည် သစ်သီးကြီးငယ် ရလွယ်ပြီး အရိပ်အာဝါသကောင်း၍ ရေမိုးပြည့်စုံမည့်အရပ်၌ ကျောင်းသခ်မ်းဆောက်၍နေ၏။

သမ္ဗုလာမင်းသမီးသည် လင်မထမ် နံနက်စောစောကပင် ထပြီး ကျောင်းကို တံမြက်လှည်း သောက်ရေသုံးရေတို့ ထည့်၊ လင်နိုးလာလျှင် သွားတိုက်စရာဒန်ပူနှင့် မျက်နှာသစ်ရေကိုဆက်ကပ်ပြီးဆေးမြစ်ဆေးရွက်တို့ကိုကြိတ်၍နူနာတို့ကိုတစ်ကိုယ်လုံးလူးပေး၏။ ထိုနောက် ကောင်းမြတ်ချိုမြိန်မည့် သစ်သီးတို့ကို ရွေးချယ်ရေဆေး အခွံနွှာစားနိုင်ရန် အသင့်ပြုပြင်၍ လင်ကို စားစေပြီး၊ မိမိသည် နောက်မှစားသောက်၏။ ပြီးစီးသည်နှင့် တစ်ပြိုင်နက် မိမိ၏ခံတွင်းလက်တို့ကိုဆေးကြော၏။ ထိုနောက် "အရှင်သား သတိနှင့်နေတော်မူပါ၊ မမေ့မလျော့ပါနှင့်"ဟု မှာကြား၍ လင်ကိုရှိခိုးပြီး တောင်း၊ တူရွင်း၊ ချိတ်၊ တံချူတို့ကို ယူ၍ သစ်သီးရှာရန် တောတွင်းသို့ ထွက်သွား၏။

သစ်သီးရှာမှပြန်လာပြီးလျှင် ကောင်းစွာထားရှိ၍ ရေအိုးဖြင့် ရေကိုခပ်လာပြီး သောတ္တိသေနမင်းသားကို ရေလောင်းပေး၍ ကသယ်မှုန့်မြေညက်တို့ဖြင့် ပွတ်တိုက်ကာ ရေချိုးပေး၏။ ထိုနောက် သစ်သီးတို့ကို ဆက်ကပ်ပြန်၏။ မိမိလည်း သစ်သီးများကိုစားပြီး အိမ်ရာ၌ လဲလျောင်းသည်နှင့် သမ္ဗုလာမင်းသမီးသည် မင်းသားကို နှိပ်နယ်ပေးပြီး မင်းသားအိပ်မှ မိမိလည်း မင်းသား၏အနီးတွင် လဲလျောင်း၍အိပ်၏။ ဤသို့ဖြင့် နေ့စဉ် ဝတ်ကြီးဝတ်ငယ်ကိုပြု၏။

www.dhammadownload.com



## ဒါနော့ဘီးလူးနှင့်တွေ့ခြင်း

တစ်နေ့သောအခါ သမ္ဗုလာ မင်းသမီးသည် သစ်သီးရှာသွားရင်း ချောင်းငယ် တစ်ခုတွင် ရေချိုး၏။ ရေချိုးပြီးလျှော်တေ သက်န်းကိုဝတ်၍ ချောင်းနားမှာ ရပ်နေ၏။ ထိုအချိန်တွင် သမ္ဗုလာမင်းသမီး၏ ဝါဝင်းသောကိုယ်အရောင်သည် တောကိုပင်ဟပ်ကာ ဝင်းထိန်၍နေ၏။

ထိုခဏတွင် ဒါနော့ဘီးလူး တစ်ယောက်သည် အစာရှာလာရင်း သမ္ဗုလာမင်းသမီးကိုမြင်လျှင် အံ့သြတုန်လှုပ်ကာ ချစ်စိတ်ဝင်လာ၍ မင်းသမီး၏ အကျိုးအကြောင်းကိုသိလိုသဖြင့်....

"မြင့်မြတ်တည်ငြိမ်တဲ့ ရုပ်လက္ခဏာရှိတဲ့ အမျိုးသမီး..... တစ်ကိုယ်တည်း တောင်ကြား ချောင်းစပ်မှာ အေးလွန်လို့ ခိုက်ခိုက်တုန်နေတာ ဘယ်သူလဲ၊ ငါမေးချင်ပါတယ်၊ ငါ့အား အမျိုးအနွယ်နဲ့ အမည်ကိုပြောပြစမ်းပါ"

"ကောင်းခြင်းငါးဖြာ လက္ခဏာနှင့် ပြည့်စုံတဲ့အမျိုးသမီး၊ ခြသေ့်, ကျားတို့ ကျက်စားပျော်မွေ့တဲ့ သည်တောမြိုင်ကို ကိုယ်ရောင်ကြောင့်ထွန်းလင်းစေကာ သင်ဘယ်သူလဲ၊ ခါးသေးတင်ကျယ် ဝမ်းဗိုက်ငယ်သော အမျိုးသမီး၊ သင် ဘယ်သူ၏ သမီးနည်း၊ အဘယ် အမျိုးသမီး၊ သင့်ကို ငါ ရှိခိုးပါအံ့၊ သင့်အားရှိခိုးခြင်း ဖြစ်ပါစေသတည်း"

သမ္ဗုလာမင်းသမီးသည် ဘီးလူးစကားကိုကြား၍ ပြန် လည်ဖြေကြားလိုသဖြင့်....

"အို...ဒါနော့ဘီးလူး၊ ငါသည် ကာသိမင်း၏သားတော် သောတ္ထိသေန၏ သမ္ဗုလာ အမည်ရှိသော မယားဖြစ်ပါ၏"

www.dhammadownload.com



"အို...ဒါနော့ဘီးလူး၊ ငါသည် သင့်ကိုရှိခိုးပါ၏။ ရှိခိုးခြင်းဖြစ်ပါစေသတည်း။ ပိဒေဟမင်း၏သားတော်ဖြစ်သော သောတ္ထိသေနမင်းသားသည် နူနာစွဲကပ်လျက် တောသို့နေရပါ၏"

(ဤသို့ မင်းသမီးက ဘီးလူးကိုရှိခိုးပါ၏ဟုဆိုခြင်း၊ ဘီးလူးက မင်းသမီးကိုရှိခိုးပါ၏ဟုဆိုခြင်းတို့သည် ကြောက်၍ တောင်းပန်ခြင်း၊ ရှိခိုးခြင်းမဟုတ်၊ တစ်ဦးနှင့်တစ်ဦး ဂါ၀ရ တရားဖြင့် ယဉ်ကျေးစွာ နှုတ်ဆက်ခြင်းသာဖြစ်သည်ဟူ၍ မှတ်အပ်၏။)

ရောဂါ နှိပ်စက်ခြင်း ခံရသော ထိုမင်းသားကို ငါ တစ်ယောက် လုပ်ကျွေးနေရပါ၏။ ငါသည် တောထဲသို့ ခြသေ့ ကျားတို့၏ စားကြွင်း ပျားရည် အမဲသားတို့ကို ရှာဖွေ ဆောင် ယူကာ ကျွေးမွေးရပါ၏။ ယနေ့ မင်းသားသည် ဆာလောင်၍ နေပေတော့မည်။

## ဘီးလူးက အနုနှင့်မရ၍ အကြမ်းဖက်ပြီး

ထိုအခါ ဘီးလူးသည် မင်းသမီးကို ဆွယ်တရားဟောလို၍....

"အို...သမ္ဗုလာမင်းသမီး၊ နူနာရောဂါကြီးကို အမြဲခံစားနေရသော မင်းသားနှင့် တောထဲမှာ ဘာလုပ်ရမှာလဲ၊ ငါသည် သင်၏ လင်ဖြစ်လိုပါသည်။

ဤသို့ သွေးဆောင် ဖြားယောင်းသော ဆွယ်စကားကို ကြားရလျှင်....

"အရှင် ဒါနော့ဘီးလူး၊ ဆင်းဆင်းရဲရဲ စိုးရိမ် ကြောက်လန့်စွာ တောထဲမှာ နေရသော ငါ့မှာ ရုပ်ရည်လှပ ဘယ်မှာ ရှိနိုင်ပါမလဲ၊ ငါ့ထက်ပို၍ လှပသော အခြားတစ်ပါးမိန်းမကို ရှာပြီးယူပါ"

www.dhammadownload.com



"အို...သမ္မုလာမင်းသမီး၊ ဒီတောင်ပေါ်ကို တတ်စမ်းပါ၊ ငါ၏မယား လေးရာတို့အပေါ်မှာ သင့်ကို လိုရာဆန္ဒ ပြည့်ဝစေသည့် မယားကြီးအဖြစ် ထားပါမည်"

"သောက်ရှူး ကြယ်ရောင် တောက်ပြောင် ထွန်းပတဲ့ သမ္မုလာမင်းသမီး၊ သင့်စိတ်ထဲမှာ လိုချင်သမျှအသုံးအဆောင် အားလုံး ငါ့မှာ တကယ်ပေါမျှားပါတယ်၊ ယနေ့ငါနှင့်အတူ ပျော်ပါးစမ်းပါ"

"နူးညံ့ပျော့ပျောင်းသော ခန္ဓာကိုယ်ပိုင်ရှင်မ သမ္မုလာ၊ သင်သည် ငါ၏မိဖုရားကြီးအဖြစ် မလိုက်လျောဘူး ဆိုလျှင်၊ သင်သည် နက်ဖြန် ငါ၏ နံနက်စာဖြစ်လိမ့်မည်။ သင့်တစ်ကိုယ်စာမှာ ငါ၏နံနက်စာအတွက် လောက်ငပါပြီ"ဟုဖျားယောင်း ရုံမျှမက ခြိမ်းခြောက်ကာ သမ္မုလာမင်းသမီးလက်ကို အတင်း ဆွဲလေတော့သည်။ သမ္မုလာမင်းသမီးသည် မိမိအသက် ထက် မိမိလင်သားအတွက် အလွန်စိုးရိမ်မိလေတော့သည်။

## မြတ်စွာဘုရား မိန့်ကြားရှင်းလင်းပုံ

ထိုအကြောင်းကို ထင်ရှားပြတော်မူလိုသော မြတ်စွာဘုရားသည် နှစ်ဂါထာတို့ဖြင့် ဟောကြားတော်မူသည်ကား.....

"ရဟန်းတို့၊ ကြမ်းကြုတ်လှစွာသော ကိလေသာမျက်စိဖြင့် ကြည့်တတ်သော ရန်သူ ဒါနဝဘီးလူးလက်တွင်းသို့ ရောက်စေသော သမ္မုလာ မင်းသမီးမှာ မိမိလင် အတွက်သာလျှင် စိုးရိမ်သောက ရောက်နေရှာ၏"ဟူ၍ ဟောတော်မူ၏။

## နတ်တို့ကို တိုင်တည်ခြင်း

"အို....သမ္မာဒေဝ နတ်မြတ် နတ်ကောင်း အပေါင်းတို့..... ဒါနဝဘီးလူးသည် ကျွန်ုပ်ကို စားလိမ့်မည်ဟု စိုးရိမ်၍ စိတ်

www.dhammadownload.com



ဆင်းရဲရခြင်းထက်၊ အကျွန်ုပ်၏ အရှင်သား စိတ်အထင်လွဲမည်ကိုသာ အကျွန်ုပ်အား အလွန်စိတ်ဆင်းရဲရပါ၏။

"အို...သမ္မာဒေဝ နတ်မြတ်နတ်ကောင်း နတ်အပေါင်းတို့၊ သင်တို့ မရှိကြလေယောင်တကား၊ အရပ်တစ်ပါးသို့ သွားနေကြလေယောင်တကား၊ ဤလောကကို စောင့်ရှောက်ကြသော လောကပါလနတ်တို့ မရှိကြလေယောင် တကား၊ ကိုယ်နှုတ်နှလုံးကို မစောင့်စည်းဘဲ အနိုင်အထက် ပြုသူတို့ကို တားမြစ်နိုင်သော နတ်တို့ မရှိလေယောင်တကား"

ဤသို့ သမ္မာဒေဝနတ် အပေါင်းအား တိုင်တည်တမ်းတသောအခါ သမ္မုလာမင်းသမီး၏ သီလတန်ခိုးကြောင့် သိကြားမင်း၏ ဘုံဗိမာန်သည် တုန်လှုပ်၏။

## သိကြားမင်း မနေသာ လူ့ပြည်ရွာသို့ဆင်း

သိကြားမင်းသည် ဆင်ခြင်သော်၊ ထိုအကြောင်းကို သိရလျှင် ဝရဇိန်လက်နက်စွဲကိုင်ကာ ဒါနဝဘီးလူး၏ ဦးခေါင်းပေါ်၌ ရပ်လျက်-

"ဟယ်...ဘီးလူး၊ ဤမိန်းမသည် မိန်းမ တကာတို့ထက် မြတ်၏၊ အခြံအရံများ၏၊ ဣန္ဒြေရှိ၏၊ ကောင်းမြတ်သော အကျင့်ရှိ၏၊ မီးကဲ့သို့ ထက်သော တန်ခိုးရှိ၏။ သင်သည် ထိုမင်းသမီးကို စားခဲ့လျှင် သင့်ဦးခေါင်း ခုနစ်စိတ် ကွဲလိမ့်မည်။ သင်သည် လင့်ဝတ္တရားကို ကျေပွန်အောင် ဆောင်ရွက်သော မိန်းမကို မစားလင့်၊ ယခုလွှတ်လော့"ဟု သိကြားမင်းသည် ခြိမ်းခြောက် ကြိမ်းမောင်းလေ၏။

www.dhammadownload.com



## ဒါနော့ဘီးလူးကို ဖမ်းထားခြင်း

ဒါနော့ဘီးလူးသည် အလွန်ကြောက်လှသဖြင့် မင်းသမီးကို လွှတ်၏။ သိကြားမင်းသည် ဤဒါနော့ ဘီးလူးကား စိတ်မချရသေး၊ နောက်ထပ်တစ်ဖန်ဤသို့ပင် ပြုလိမ့်ဦးမည်ဟု ဘီးလူးကို သံခြေကျင်းခတ်ကာ နောက်တစ်ဖန် မလာနိုင်အောင် သုံးခုမြောက် တောင်ကြား၌ လွှတ်ပြီး မိမိနေရာ တာဝတိံသာသို့ပြန်လေ၏။

## စိုးရိမ်ပူဆွေးရပြန်ပါပြီ

နေလည်းဝင်လေပြီ၊ မင်းသမီးလည်း လရောင်ဖြင့်တဖြည်းဖြည်းလျှောက်၍လာရာ ကျောင်းသင်ခန်းသို့ ရောက်လေ၏။

မင်းသမီးသည် မင်းသားကိုမတွေ့၊ ဟိုမှာသည်မှာ ရှာဖွေသော်လည်းမမြင်၊ အမိရစ်မသည် အပြင်မှ ပြန်လာလေသော် အသိုက်ထဲမှ သားငယ်ကို မတွေ့ရသကဲ့သို့ လည်းကောင်း၊ အမိ နွားမကြီးသည် အလွန်ချစ်သော နွားငယ်ကို နွားခြံသို့ ရောက်သောအခါ မတွေ့ရသကဲ့သို့လည်းကောင်း၊ လူသားစားဘီးလူးလက်မှ လွတ်လာသော သမ္ဗုလာ မင်းသမီးသည် မင်းသားမရှိသော ကျောင်းသင်ခမ်းသို့ ရောက်လာ၏။

"အရှင့်သား၊ အရှင့်သားကို မတွေ့မမြင်ရသော အကျွန်ုပ်သည် ရဟန်း, ပုဏ္ဏား, သီလနှင့်ပြည့်စုံသောရသေ့တို့ကို ရှိခိုးပါ၏။ အရှင်မင်းမြတ်တို့အား ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏"

အရှင့်သား၊ အရှင့်သားကို မတွေ့မမြင်သော အကျွန်ုပ်သည် ခြင်္သေ့၊ ကျားနှင့် သားရဲအပေါင်းအား ရှိခိုးပါ၏။ ကိုးကွယ်ပါ၏။

www.dhammadownload.com



## သစ္စာအဓိဋ္ဌာန်၏အကြောင်း

ထိုအခါ သောတ္တိသေနမင်းသားက....

"ဟယ်...မာယာများလှ မိန်းမကား မှန်ခဲကြား၏။ ဟိမဝန္တာ၌ မုဆိုးများလည်းရှိကြ၏။ ဝိဇ္ဇာဓိုရ်များလည်း ရှိကြ၏။ အဘယ်သူက သင့်စကားကို ယုံမည်နည်း"ဟု ဆိုကာဆက်၍-

"အဘယ်သမ္မုလာ၊ ခိုးကျင့်ခိုးကြံပြုတတ်ပြီး မာယာများလှသော မိန်းမတို့၏စကားသည် မှန်သောစကား မဖြစ်နိုင်၊ မှန်သောစကားကို ရနိုင်ခဲ၏။ မိန်းမတို့အလိုဆန္ဒကို သိနိုင်ခဲ၏။ ရေ၌ ငါးသွားရာကို မသိနိုင်သကဲ့သို့တည်း"

ဟု ပြောသမျှကိုမယုံနိုင်ကြောင်းကို ပြောလေလျှင်၊ သမ္မုလာသည် မိမိအကျင့်မှန်ကန်ကြောင်းကို သစ္စာပြု၍ ပြပါမည်ဟု မင်းသားအား လျှောက်ထားပြီး ရေအိုးကိုယူ၍ သစ္စာဆိုသည်ကား.....

"အရှင့်သား၊ အကျွန်ုပ်သည်အရှင့်သားမှတစ်ပါး၊ အရှင့်သားထက်သာလွန်၍ ချစ်သောသူကို မသိစဖူးပါ၊ ဤသစ္စာစကားသည် မှန်ကန်ခဲ့လျှင် သစ္စာတရားသည် ယခု လောလောဆယ်မှာလည်း စောင်မ ပါစေသတည်း၊ နောင်အခါ၌ လည်း စောင်မ ပါလတ္တံ့။ ဤမှန်သောစကားကို ဆိုရခြင်းကြောင့် အရှင့်သား၏နူနာသည် ပျောက်ကင်းပါစေသတည်း"ဟု သစ္စာပြု၍ရေသွန်းလောင်းသည်နှင့် တစ်ပြိုင်နက် သစ္စာ၏။ အစွမ်းဖြင့် သောတ္တိသေန၏ နူနာသည် ကြေးနီမှ အညစ်အကြေးကို အချဉ်ရေဖြင့် ဆေးကြောသွန်ချ လောင်းလိုက်သကဲ့သို့ တစ်ခဏချင်းပင် လျော့ကျ ပျောက်ကင်းလေသည်။

www.dhammadownload.com



## ရွှေလက်တွဲနန်းသိမ်းပွဲဝင်

ရောဂါရှင်းရှင်းပျောက်ကင်းလေ၍ နှစ်ရက်သုံးရက်ကြာသောင်းလေလျှင် သောတ္ထိသေန၊ သမ္ဗုလာတို့သည် ဗာရာဏသီပြည်သို့သွား၍ ဥယျာဉ်တော်၌နေကြ၏။ ခမည်းတော်ဗြဟ္မဒတ်မင်းကြီးသည် သားတော် ချွေးမတော်တို့ ရောဂါပျောက်ကင်း၍ ရောက်လာကြောင်းသိရလျှင် အားရရွှင်လန်းစွာ ဥယျာဉ်တော်သို့ ကြွချီလာပြီး သားတော်အား ဥယျာဉ်တော်၌ပင်လျှင် ထီးဖြူကိုဆောင်နင်း၍ မင်းအဖြစ် ပေးအပ်ပြီး၊ သမ္ဗုလာမင်းသမီးအား မိဖုရားအရာ၌ အဘိသိက်သွန်းစေပြီး မြို့တွင်းသို့ သွင်း၍ ခမည်းတော် မင်းကြီးသည်ကား ဥယျာဉ်တော်၌သာလျှင် ရသေ့ရဟန်းပြုနေပြီး သားတော်မင်း၏ နန်းတော်၌ အမြဲဆွမ်းဘုဉ်းပေးလေသည်။

(ဤသည်ကား လင့်ဝတ္တရားကျေပွန်စွာ သစ္စာတည်ကြည်မှုကြောင့် လင်သား၏ ရောဂါကိုပါ သစ္စာ အဓိဋ္ဌာန်ဖြင့် ပျောက်ကင်း ချမ်းသာခဲ့သော တော်လေဝ အပါအဝင် သမ္ဗုလာ၏ ဇာတ်လမ်းစဉ်တည်း)။

မြတ်စွာဘုရား သခင်သည် သမ္ဗုလာ၏ ဇာတ်အစဉ်ကို ဆက်လက်ဟောကြားတော်မူသည်ကား........

## လင်ပစ်မ၏သောက

သောတ္ထိသေနသည် မင်းဖြစ်ပြီးနောက် သမ္ဗုလာကို မိဖုရားကြီးအရာ၌ ထားသော်လည်း တစ်စုံတစ်ရာ ချီးမြှောက်ခြင်း မပြု၊ အမြတ်တနိုးမရှိ၊ ပလီပလာ ခရာတတ်သော အခြားနန်းတွင်းသူ အပျိုချောတို့နှင့်သာ ပျော်မွေ့လျက် မိဖုရားကြီး

www.dhammadownload.com



ဘက် ခြေဦးမှုပင်မလှည့်၊ သမ္ဗုလာ ရှိပါသေးသည်ဟု သတိ ပင် မရဟန်ရှိ၏။ မေ့လျော့၍သာ နေလေသည်။

လင်သား၏လျစ်လျူရှုခြင်းကိုခံရသော မိန်းမတစ်ယောက် အဖို့ ခံစားရသောဒုက္ခကား ကြီးမားလှပါ၏။ သမ္ဗုလာသည် မစားနိုင်မအိမ်နိုင်ဖြင့် တဖြည်းဖြည်းပိန်၍ အကြောပြိုင်းပြိုင်း ထ,သည်အထိ ဖြစ်လာ၏။

တစ်နေ့တွင် စိတ်ပြေလက်ပျောက် ယောက္ခမ ရသေ့ကြီး ဆွမ်းစား ကြွအလာတွင် သွား၍တွေ့၏။ ရသေ့ကြီးသည် ညှိုးငယ်နွမ်းလျ မရွှင်ပျသော သမ္ဗုလာကိုမြင်လေလျှင်.......

"သမ္ဗုလာ၊ ဗာရာဏသီ ပြည်ကြီးကို ဆင်စီး သူရဲ ခုနစ်ရာ၊ လေးသမား တစ်ထောင့်, ခြောက်ရာဖြင့် နေ့, ညဉ့် မပြတ် အစောင့်ထားပါလျက် သင်သည် ဘယ်ရန်သူကိုမြင်၍ စိုးရိမ်ညှိုးလျ ဖြစ်နေရသနည်း"ဟု မေးတော်မူလျှင်-

သမ္ဗုလာက....

"အရှင်မင်းကြီး၊ အရှင်မင်းကြီး၏ သားတော် သည် အခြားသော မိဖုရားများထံ၌သာနေ၍ ဘုရားကျွန်မထံ ရှေး ကကဲ့သို့ ရောက်မလာတော့ပါ"

ခမည်းတော်ဘုရား၊ လည်တွင် ရွှေဘယက်ဆင်ကာ ညို့ စာတ်အား အလွန်ကောင်းလှပြီး၊ အလှအပ၊ အပြင်အဆင် အလွန်ကျွမ်းကျင်လျက် လူမိန်းမဖြစ်သော်လည်း နတ်တမျှ လှပ ပြီး ခန္ဓာကိုယ်ဖွံ့ဖြိုးလှသည့် မင်းသား၏ အချစ်တော် မင်း သမီးကလေးများက သားတော်ကို ဖြားယောင်းလျက် ရှိကြ ပါသည် ဘုရား"

"ခမည်းတော်ဘုရား၊ အကယ်၍ အကျွန်ုပ်ကို ရှေးကလို ပင် . လျစ်လျူမရှု၊ မြတ်နိုးတနာ ရှိနေပါလျက် လင်ကို

www.dhammadownload.com



သေခြင်းသို့ရောက်တော့မည်၊ ငါနှင့် ရှိရှိသမျှ မင်းသားကြီး အပေါင်းတို့သည် သင်၏စကားကို လိုက်နာပါကုန်အံ့"

ထိုအခါမှစ၍ သောတ္ထိသေနမင်းနှင့် သမ္ဘုလာ မိဖုရားကြီး တို့သည် သင့်မြတ်စွာ နေကြကုန်၏။

## ဇာတ်ပေါင်းသော်

သမ္ဘုလာသည် - မလ္လိကာမိဖုရား၊
သောတ္ထိသေနသည် - ကောသလမင်းကြီး၊
အဖရသေ့သည် - ငါဘုရား၊
ဟု ဇာတ်တော်ကိုပေါင်း၏။

)

www.dhammadownload.com

## (၁၂) သိဝိမင်း၏ သစ္စာစကား

(ဇာ-၄၉၉၊ သိဝိဇာတ်)



### ပစ္စုပ္ပန်ဝတ္ထု

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ်-ပသေနဒီကောသလ မင်းကြီး၏ အသဒိသဒါနကို အကြောင်းပြု၍ ဟောကြားတော်မူသည်။

### အတိတ်ဇာတ်

သိဝိတိုင်း အရိဋ္ဌပုရမြို့၌ သိဝိမင်းကြီး မင်းပြုစဉ်.....

မင်းကြီးသည် အလှူမဏ္ဍပ်ခြောက်ဆောင်ဆောက်၍ တစ်နေ့လျှင် အသပြာ ခြောက်သိန်းကုန် စွန့်ကြဲ လှူဒါန်းနေ၏။

ဤသို့နေ့စဉ်မပြတ် လှူဒါန်းနေတော်မူသော်လည်း အလှူ၌ မရောင့်ရဲနိုင်သေး၍ နံနက်အခါ ရာဇပလ္လင်ထက်၌ ကြံစည်တော်

www.dhammadownload.com



မှုသည်ကား ငါသည် အပြင်ပဖြစ်သော ဝတ္ထုကိုသာ လှူရသေး၏။ ကိုယ်တွင်းဖြစ်သော နှလုံးကို အလှူခံသူ ရှိလျှင် ပဒုမ္မာကြာငုံကို ကပ်ကြေးဖြင့်ဖြတ်သကဲ့သို့ ဖြတ်၍လှူရသော် ကောင်းလေစွဟု ကြံတော်မူ၏၊

## မျက်စိအလှူခံ ရောက်လာပြန်

ထိုသိဝိမင်း၏ စိတ်အတွင်းအကြံကို သိကြားမင်းသိ၍ သိဝိမင်းကြီးအလှူမဏ္ဍပ်သို့ ထွက်တော်မူသောအခါ မျက်စိချို့တဲ့သော သူအိုဟန်ဖန်ဆင်း၍ မျက်စိတစ်ဖက်ကို လှူတော်မူပါဟု အလှူခံလေ၏။ မင်းကြီးသည် ဝမ်းမြောက်ဝမ်းသာပင် ဤအလှူမဏ္ဍပ်တွင် မျက်စိကိုထုတ်ရန် မသင့်လျော်၊ နန်းတော်သို့ သွားကြအံ့ဟု အလှူခံပုဏ္ဏားကိုခေါ်ဆောင်ပြီး ရွှေနန်းတော်ရင်ပြင်သို့ ရောက်သောအခါ ဆေးဆရာသိဝိကကို ခေါ်တော်မူပြီး....

"ငါ၏မျက်စိကိုထုတ်ပေးလေ၊ မျက်လုံးထက်ပင် သဗ္ဗညုကဉာဏ်တော်ကို ငါမြတ်နိုးတော်မူသည်၊ လှူတော့မည်"ဟု အမိန့်ရှိ၏။

ဘုရင်မင်းမြတ်၊ လှူစရာ ရတနာ ခုနစ်ပါး များစွာပင် ရှိပါသည်၊ လှူဒါန်းတော်မူပါ၊ မျက်စိကို မလှူပါလင့်"ဟု မောင်းမမိဿံအပေါင်းတို့ ငိုကြွေးတောင်းပန်ကြသော်လည်း ပယ်တော်မူပြီး.....

"ဆရာသိဝိက အချိန်ဆွဲမနေပါနှင့် ယခုပင် ထုတ်ယူ၍ ငါ့လက်သို့ ဆက်ဘိလော့"ဟု မိန့်တော်မူ၏။

သိဝိကလည်း မင်း၏မျက်စိကို ဓားဖြင့် မထိစကောင်းဟု ဆေးများကို ကွင်းလျက် လက်ျာဘက်မျက်စိကို ထုတ်သော

www.dhammadownload.com



ကာလ ဘုရားလောင်းတော်သည်ပြင်းထန်သောဒုက္ခဝေဒနာကို သည်းခံ၍ သဗ္ဗညုတဉာဏ်တော်အတွက် လက်ျာဘက် မျက်စိ ကျွတ်ထွက်လာချိန်တွင် ဆေးဆရာသိဝိကသည် လက်တော်သို့ ဆက်လေ၏။ မင်းကြီးသည် လက်ဝဲဘက် မျက်စိဖြင့် စေ့စေ့ ကြည့်ပြီး ပုဏ္ဏားအား လက်ျာဘက်မျက်လုံးကို လှူပေ၏။

ထို့နောက်တွင် တစ်ဖန် လက်ဝဲဘက်မျက်လုံးကို ထုတ်စေ တော်မူပြီး ဒါနပါရမီကို ဖြည့်ဆည်း လှူဒါန်းတော်မူပြန်၏။

## သစ္စာပြုရန်တိုက်တွန်းပြန်

မင်းကြီး၏ ရောဂါလည်း မကြာမီပင် အသားနုတက်၏။ မင်းကြီးမှာ မျက်လုံးနှစ်ဘက်စလုံး ကွယ်သေသဖြင့် "ငါ့ကို နန်းမှချ၍ မင်္ဂလာရေကန်သို့ပို့ကြကုန်၊ မျက်ကန်းမင်းပြုသဖြင့် တိုင်းပြည်တွင် အကျိုးမရှိနိုင်"ဟု မိန့်တော်မူပြီး မင်္ဂလာရေ ကန်ဝယ် ထက်ဝယ်ဖွဲ့ခွေနေတော်မူပြီး ဒါန အာနိသင်ကို ဆင်ခြင်တော်မူရာ သိကြားမင်းရောက်လာပြီး...

"မင်းကြီး၊ အကျွန်ုပ်သည် မိုးသိကြားမင်း ဖြစ်ငြားသော်လည်း မျက်စိကို ဖန်ဆင်းခြင်းငှာမတတ်နိုင်ပါ၊ သစ္စာကိုသာ ပြုတော် မူပါ"ဟု တိုက်တွန်း၏။

ထိုအခါ သိဝိမင်းက သစ္စာအဓိဋ္ဌာန် ပြုလေသည်မှာ....

"ငါသည် ပုဏ္ဏားအား မျက်စိလှူသောအခါ၌ သဒ္ဓါ ရွှင်လန်း ဝမ်းမြောက်ဝမ်းသာ လှူဒါန်းခဲ့ပါ၏။ ဤမှန်သော သစ္စာစကားကြောင့် ငါ့မျက်စိအား အသစ်ဖြစ်စေသော်"ဟု သစ္စာဆိုလိုက်သည်နှင့်တစ်ပြိုင်နက် မျက်စိနှစ်ဘက်စလုံး ပေါ်ပေါက် လာပြီး ထင်ထင်ရှားရှား မြင်ရလေတော့၏။

www.dhammadownload.com



သိကြားမင်းသည်လည်း မိမိတန်ခိုးအားဖြင့် တိုက်နံရံ တောင်ကမ်းခြားရာသို့ တစ်ယူဇနာတိုင်တိုင် မြင်စေသော်”ဟု ဆုပေးပြီး တာဝတိံသာနတ်ပြည်သို့ ပြန်သွားလေသည်။

သိဝိမင်းကြီးလည်း နန်းထက်သို့တက်၍......

မလှူဒါန်းဘဲ မသုံးဆောင်ကြနှင့်“ဟု ပြည်သူပြည်သားတို့အား ဆုံးမစကား ပြောကြားလေ၏။

## ဇာတ်ပေါင်းသော်

သိဝိကဆေးဆရာသည် - အာနန္ဒာ
သိကြားမင်းသည် - အနုရုဒ္ဓါ
ပရိသတ်သည် - ငါဘုရားပရိသတ်
သိဝိမင်းသည် - ငါဘုရားဖြစ်လာ၏

ဟု ဇာတ်တော်ကို ပေါင်း၏။

၀

www.dhammadownload.com

# (၁၃) ခွေးမင်း၏ မေတ္တာဘာဝနာနှင့်အစီအရင်

(၂၂ ကုက္ကုရဇာတ်)



## ပစ္စုပ္ပန်ဝတ္ထု

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ်...... အဆွေအမျိုးတို့၏ အကျိုးကို ကျင့်ခြင်းကို အကြောင်းပြု၍ ဟောတော်မူသည်။

## အတိတ်ဇာတ်

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းစိုးစံစဉ်.....

ဘုရားလောင်းခွေးမင်းသည် သုသာန်၌နေ၏။ မြို့တွင်း၌ လူတို့သည် မင်းမိန့်အရ ခွေးမြင်သမျှကိုလိုက်သတ်၍ သုသာန်သို့ ပြေးဝင်ခိုအောင်းလာကြ၏။

မြင်မြင်သမျှခွေးတို့ အသတ်ခံကြရ၍ အများအပြား သေဆုံးနေကြရသဖြင့် နန်းတော်သို့ အရောက်သွားပြီ မင်း၏အရှေ့တွင် ပြဿနာရှင်းမှုဖြစ်တော့မည်ဟု စဉ်းစားမိ၏။

www.dhammadownload.com



လမ်းခရီးတွင် လက်နက်မျိုးစုံဖြင့် မြင်မြင်သမျှခွေးတို့ကို ပစ်ခတ် သတ်ဖြတ်နေသည်။

ခွေးမင်းသည် အသက်စွန့်ကာ သွားရမည်ဖြစ်၏။

မိမိ၏ ပါရမီကို ဆင်ခြင်ပြီး မေတ္တာဘာဝနာပွားကာ.......

"ငါ၏ကိုယ်ပေါ်၌ တစ်စုံတစ်ယောက်က ပစ်သော ခဲ၊ တုတ်တို့ မကျရောက်စေသတည်း"ဟု အဓိဋ္ဌာန်ပြု ခြေလှမ်းမှန်မှန်နှင့် နန်းတော်သို့သွား၏။ ဘေးအန္တရာယ်မရှိဘဲ မင်းကြီးရှေ့သို့ရောက်၏။ တရားအစစ်ကိုဖော်ထုတ်နိုင်ရန် နန်းတွင်းခွေးများကို အန်ဆေးတိုက်စေ၏။ ခိုးစားထားသော သားရေများကျဆင်းလာ၏။ တရားခံအစစ်ကို ဖော်ထုတ်နိုင်သဖြင့် ခွေးအားလုံး အသက်ချမ်းသာရကြလေ၏။

ဤကားသစ္စာအဓိဋ္ဌာန်၏ တန်ခိုး မေတ္တာ၏အကျိုးကြောင့် ဘုရားလောင်းသည် လက်နက်မျိုးစုံ အကြားမှ အန္တရာယ်ကင်းစွာ ဖြစ်သန်းနိုင်ခဲ့လေသည်။

## ဇာတ်ပေါင်းသော်

ဗြဟ္မဒတ်မင်းသည် – အာနန္ဒာ
ခွေးပညာရှိသည် – ငါဘုရား

ဟု ဇာတ်တော်ကိုပေါင်း၏။

(အကျယ်ကို တတိယတွဲတွင် ဖော်ပြထားပါသည်)

၀

www.dhammadownload.com

## (၁၄) သစ္စာ၏တန်ခိုးတော်

### (၅၄၀၊ သုဝဏ္ဏသာမဇာတ်)




### ပစ္စုပ္ပန်ဝတ္ထု

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ်..... မိဘတို့အား လုပ်ကျွေးမွေးမြူသော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဟောကြားတော်မူသည်။

### အတိတ်ဇာတ်

ဒုကုလနှင့် ပါရိကာတို့သည် မိဘတို့က ထိမ်းမြားပေးကြသော်လည်း ဗြဟ္မာပြည်မှ လာကြသူများဖြစ်၍ ကာမမှုကိုမပြု

www.dhammadownload.com



ကြဘဲ မိဘများကိုခွင့်တောင်းပြီး ရသေ့ရဟန်းပြု၍ ဟိမဝန္တာသို့သွား၍ နေကြ၏။

သိကြားမင်းသည် ဒုကုလနှင့်ပါရိကာတို့ နောင်တွင်မျက်စိကွယ်မည်ကိုမြင်၍ အလုပ်အကျွေးပြုစု၍ သားရရန် ဒုကုလက ပါရိကာ၏ ချက်ကို လက်ဖြင့် သုံးသပ်ရန် အကြံပေးသည့်အတိုင်း လက်ဖြင့်သုံးသပ်လျှင်၊ ဘုရားအလောင်းနတ်သားသည် နတ်ပြည်မှစုတေပြီး ပါရိကာ၏ဝမ်း၌ ပဋိသန္ဓေယူပြီး ဖွားသော် ရွှေတုံးရွှေခဲအဆင်းရှိ၍ သုဝဏ္ဏသာမဟု အမည်ပေး၏။

ဘုရားလောင်းသည် အရွယ်ရောက်လျှင် မိဘများသစ်သီးရှာသွားသည့်လမ်းကို မှတ်သားထား၏။ တစ်နေ့တွင် ဒုကုလနှင့် ပါရိကာတို့သည် သစ်သီးရှာမှအပြန် တောင်ပို့၌ရပ်နားစဉ် မြွေဟောက်မှုတ်သဖြင့် နှစ်ယောက်စလုံးမျက်စိကွယ်ကြ၏။ သုဝဏ္ဏသာမသည် မိဘတို့ကို အဖက်ဖက်မှ မလစ်ဟင်းအောင် ပြုစု၏။ သုဝဏ္ဏသာမသည် ရေခပ်သွားသော် သမင်တို့က ခြံရံလိုက်ပါ၍ ကူညီကြ၏။

## ပိဠိယက္ခမင်းလေးနှင့်ခွင်း

ဗာရာဏသီပြည်မှ ပိဠိယက္ခမင်းသည် သမင်လိုက်ရင်း ဘုရားလောင်း ရေခပ်ရာဆိပ်ကမ်း၌ သမင် ခြေရာများကို မြင်၍ သစ်ခက်အုံတဲလုပ်၍ ချောင်းနေ၏။ သမင်များနှင့် ရေခပ်ဆင်းလာသော သုဝဏ္ဏသာမကိုမြင်လျှင် လေးနှင့်ပစ်လိုက်၏။ သမင်တို့သည် ကြောက်၍ ထွက်ပြေးကြကုန်၏။

ဘုရားလောင်းသည် မြားမှန်၍ လဲနေရာမှ မိဘတို့ကို လုပ်ကျွေးမည့်သူမရှိဟု တမ်းတငိုကြွေး၏။ ပိဠိယက္ခသည် ငါ

www.dhammadownload.com



သူတော်ကောင်းကိုပြစ်မှားမိပြီဟု ဘုရားလောင်းထံသွား၍ တောင်းပန်ပြီး သင့်မိဘများကို လုပ်ကျွေးပါမည်ဆိုပြီး ငိုကြွေးနေ၏။

## ဗဟုသုန္ဒရီနတ်သမီး

ဘုရားလောင်း၏ လွန်ခဲ့သော ခုနစ်ဘဝမြောက်က မိခင်ဖြစ်ဖူးသော ဗဟုသုန္ဒရီနတ်သမီးသည် လာ၍ ပိဋ္ဌိယက္ခမင်းအား တိုက်တွန်း၍ ဒုကုလ၏ ကျောင်းသို့သွား၏။

ဒုကုလနှင့် ပါရိကာတို့သည် သားသေသည်ကို ကြား၍ ငိုကြွေးမိကြ၏။ ပိဋ္ဌိယက္ခမင်းအား သားထံသို့ ပို့ပေးရန် တောင်းပန်၏။ နေဝင်ပြီဖြစ်၍ နက်ဖြန်မှသွားရန် တောင်းပန်၏။ တားမရသဖြင့် ဘုရားလောင်းရှိရာ ခေါ်ဆောင်သွား၏။

## သစ္စာစကားကို ဆိုကြခြင်း

သုဝဏ္ဏသာမ ရှိရာသို့ ရောက်သောအခါ ဒုကုလသည် သုဝဏ္ဏသာမကို အသာပွေ့လျက် ဦးခေါင်းကိုပေါင်ပေါ်တင်ထား၏။ ပရိကာသည် ခြေထောက်ကို ပေါင်ပေါ်တင်ပြီး လက်ဖြင့်စမ်းကာ-စမ်းကာ ငိုကြွေးကြ၏။ ပါရိကာသည် သုဝဏ္ဏသာမ၏ ရင်ဝကို စမ်းသပ်ကြည့်ရာ ကိုယ်ငွေ့ ရှိသေးကြောင်း၊ အသက်မသေသေးဘဲ မြားဆိပ်တက်၍ မေ့မြောနေခြင်းသာ ဖြစ်မည်ဟုဆိုကာ အဆိပ်ပြေစေရန် အောက်ပါအတိုင်းသစ္စာဆို၏။

## ပါရိကာ၏ သစ္စာခုနစ်ချက်

၁။ ငါ့သားသုဝဏ္ဏသာမသည် ကုသိုလ်တရားကိုကျင့်လေ့ရှိ၏။ ဤမှန်သောသစ္စာစကားကြောင့် ငါ့သားသုဝဏ္ဏသာမကိုယ်မှ မြားဆိပ်များ ပြေပါစေသတည်း။

www.dhammadownload.com



၂။ ငါ့သား သုဝဏ္ဏသာမသည် မြတ်သော အကျင့်တို့ကို ကျင့်လေရှိ၏။ ဤမှန်သော သစ္စာစကားကြောင့် ငါ့သားသုဝဏ္ဏသာမ၏ ကိုယ်မှ မြားဆိပ်များပြေပါစေသတည်း။

၃။ ငါ့သား သုဝဏ္ဏသာမသည် မှန်သောစကားကိုဆိုလေ့ရှိ၏။ ဤမှန်သော သစ္စာ စကားကြောင့် ငါ့သား သုဝဏ္ဏသာမ၏ ကိုယ်မှ မြားဆိပ်များ ပြေပါစေသတည်း။

၄။ ငါ့သားသုဝဏ္ဏသာမသည် မိဘကိုလုပ်ကျွေး၏။ ဤမှန်သော သစ္စာစကားကြောင့် ငါ့သား သုဝဏ္ဏသာမ၏ ကိုယ်မှ မြားဆိပ်များ ပြေပါစေသတည်း။

၅။ ငါ့သားသုဝဏ္ဏသာမသည် လူကြီးတို့ကို ရိုသေ၏။ ဤ မှန်သော သစ္စာစကားကြောင့် ငါ့သား သုဝဏ္ဏသာမ၏ ကိုယ်မှ မြားဆိပ်များ ပြေပါစေသတည်း။

၆။ ငါ့သားသုဝဏ္ဏသာမကို ငါသည် ငါ့အသက်ထက်ပင် ချစ်မြတ်နိုးပါ၏။ ဤ မှန်သော သစ္စာစကားကြောင့် ငါ့သား သုဝဏ္ဏသာမ၏ ကိုယ်မှ မြားဆိပ်များ ပြေပါစေသတည်း။

၇။ ငါနှင့် ဒုကူလတို့ပြုခဲ့ကြသော ကောင်းမှုတို့၏ အစွမ်းကြောင့် ငါ့သားသုဝဏ္ဏသာမသည် မြားဆိပ်မှပြေပါစေသတည်း။

—ဤသို့ ပါရိကာ သစ္စာဆိုသောအခါ သုဝဏ္ဏသာမသည် လူးပ်ရှားပြီး တစ်ဖက်သို့ စောင်း၍အိပ်၏။

www.dhammadownload.com



နတ်တို့၏ တန်ခိုးကြောင့် ဒုကုလနှင့် ပါရိကာ တို့သည် မျက်စိမြင်ကြရလေသည်။

အရုဏ်လည်း တက်ပြီဖြစ်သည်၊

ဒုကုလ၊ ပါရိကာ၊ သုဝဏ္ဏသာမ နှင့် ပီဠယက္ခမင်းကြီး လူသားလေးဦးစလုံးသည် ကျောင်းသင်္ခမ်း တွင်းသို့ အလို အလျောက် ရောက်ရှိနေကြသည်။

## ဝမ်းမြောက်ဖွယ်ရာမြင်းကွင်းကျယ်

ဒုကုလနှင့် ပါရိကာတို့သည် မိမိတို့အသက်တမျှ ချစ်သော သား သုဝဏ္ဏသာမကို အသက်ရှင်လျက် မိမိတို့ မျက်စိဖြင့် တစ်ကြိမ်တစ်ခါမျှ မမြင်ခဲ့ဖူးသော ရွှေအဆင်းကဲ့သို့လှပသော သားထူးသားမြတ်ကို မြင်တွေ့ရသောအခါ အလွန်ပင် ဝမ်းမြောက်လျက်.....

"ငါတို့လည်း မျက်စိမြင်ရပြီ၊ ချစ်သား သုဝဏ္ဏသာမ သည် အသက်ရှင်ပြီ"ဟု ကြွေးကြော်ကြလေ၏။ သုဝဏ္ဏသာမ ကလည်း–

"အို....မိခင် ဖခင်တို့၊ အကျွန်ုပ်သည် မိခင်,ဖခင်တို့၏သား သုဝဏ္ဏသာမ ဖြစ်ပါသည်"ဟု ချိုသာသောအသံဖြင့် ပြော ကြားလေသည်။ ထိုနောက် ပီဠိယက္ခမင်းကြီးကို မြင်ရသဖြင့် "မင်းမြတ် ဤနေရာသို့ ကြွပါ"ဟု ဆိုလျက် ချိုမြိန်သော သစ်သီး၊ အေးမြသောသောက်ရေတို့ဖြင့် ဝတ်ပြုလေ၏။

ပီဠိယက္ခမင်းကြီးသည် ဝမ်းမြောက်ဖွယ်ရာ မြင်ကွင်းကျယ် ကို ကိုယ်တိုင်ကိုယ်ကျ တွေ့မြင် နေရသည်ကိုပင် မယုံကြည်နိုင် လောက်အောင် ဖြစ်လျက်....

www.dhammadownload.com



## ဒုကုလ၏ သစ္စာ ခုနစ်ချက်

ထိုအခါ ဒုကုလသည် "ငါသား-မသေသေးဟု အားတက် ဝမ်းမြောက်လျက် ပါရိကာ ဆိုသော သစ္စာခုနစ်ချက်ကိုပင် ထပ်မံ ဆိုပြန်၏။ ဒုကုလသစ္စာဆိုပြီးသောအခါ သုဝဏ္ဏသာမ သည် အခြားတစ်ဖက်သို့ စောင်း၍ အိပ်ပြန်သည်။

## မိခင်ဟောင်း၏သစ္စာ

ထိုအခါ အနီး၌ရှိသော လွန်ခဲ့သော ခုနစ်ဘဝမြောက် က မိခင်တော်စပ်ခဲ့သော ဗဟုသုန္ဒရီ နတ်သမီးကလည်း သစ္စာ ဆိုပြန်သည်။

"ကျွန်ုပ်သည် ဂန္ဓမာဒန် တောင်၌ နှစ်ပေါင်းအတော် ကြာက နေခဲ့သူဖြစ်ပါ၏။ ယင်းသို့ နေသည့်အတွင်း သုဝဏ္ဏ သာမထက် ပို၍ချစ်မြတ်နိုးသူမရှိပါ။ ဤမှန်သော သစ္စာ စကားကြောင့် မြားဆိပ်များ ပြေပါစေသတည်း"

"ဂန္ဓမာဒနတောင်၌ ရှိရှိသမျှအပင်တို့သည် မွှေးကြိုင်နေ ပါ၏။ ယနံ့ မမွှေးသော အပင်ဟူ၍ တစ်ပင်မျှ မရှိပါ၊ ဤမှန်သော သစ္စာစကားကြောင့် မြားဆိပ်များ ပြေပါစေ သတည်း"

## သစ္စာနှင့်မေတ္တာ စွမ်းစကား

ဤသို့ မိခင်ဖခင်နှင့် မိခင်ဟောင်းတို့၏ အလွန်ချစ်မြတ်နိုး လှသော မေတ္တာဖြင့် သစ္စာကို ဆိုပြီးသည့်တစ်ခဏ၌ပင် သုဝဏ္ဏ သာမသည် မြားဆိပ်များပျောက်လျက် ပကတိ လူကောင်း အတိုင်း ထ,၍ထိုင်လေ၏။

မြားမှန်သည့်ဒဏ်ရာသည် မနာမကျင် ဒဏ်ရာ မထင်ဘဲ အသားကောင်း ပကတိအတိုင်း တည်လေ၏။

www.dhammadownload.com



သိကြားမင်းသည် - အရှင်အရဒ္ဒါ
ဒုကုလသည် - အရှင်မဟာကဿပ၊
ပါရိကာသည် - ဘဒ္ဒကာပိလာနီ၊
သုဝဏ္ဏသာမသည် - ငါဘုရား........
ဟု ဇာတ်တော်ကိုပေါင်း၏။

**သားရွှေအိုးထမ်းလာသည်ကို မြင်လိုပါသည်**

**(ဗဟုသုတမှတ်ချက်)**။ ။ မြန်မာစကားတွင် "သားရွှေအိုးထမ်းလာတာမြင်ရသည်၊ မြင်လိုသည်"ဟုစကားပုံအဖြစ် ပြောဆိုကြသုံးနှုန်းကြသည်မှာဤသုဝဏ္ဏသာမဇာတ်မှအခြေခံသည်။

ဇာတ်သဘင်များ ကပြကြရာတွင် သစ္စာအဓိဋ္ဌာန်ပြုကြပြီးနောက် သိကြားမင်းပေါ်လာပြီး"လိုသောဆုတစ်ဆုကိုသာတောင်းလော့"ဟု ဆို၏။ ဒုကုလနှင့် ပါရိကာတို့က တစ်ဆုတည်းနှင့် ဆုသုံးခု ရလေအောင် (၁) သား၊ (၂) ရွှေအိုးထမ်းလာသည်ကို (၃) မြင်ချင်ပါသည်"ဟု ဆုတောင်း၍- (၁) သားလည်းအသက်ရှင်၊ (၂) ရွှေအိုးလည်းရ၊ (၃) မျက်စိ လည်းမြင်ကြရသည်ဟု ဥပစာတင်စား၍ စကားပုံများတွင် သုံးကြခြင်းဖြစ်၏။ ဘုရားဟောနှင့် အနည်းငယ် ခြားသော်လည်း စကားအရာ ဥပမာ ကောင်းလှ၍ တွင်ကျယ်စွာ သုံးကြခြင်း ဖြစ်ဟန်တူသည်။

ထို့ပြင် ဤဇာတ်တော်သည် မိဘတို့ကို လုပ်ကျွေးပြုစုခြင်း၊ကို အကြောင်းပြု၍ ဟောတော်မူခြင်းဖြစ်သော်လည်း ဤတွင် မိဘတို့ကို မေတ္တာအင်အား သစ္စာအဓိဋ္ဌာန် ပြုခြင်း၏ - စွမ်းပကားကို ဖော်ကျူးတင်ပြခြင်း ဖြစ်ပါသည်။ ဤကား မှတ်ချက်။)

၁

www.dhammadownload.com



"သုဝဏ္ဏသာမ၊ ကျွန်ုပ်စိတ်တွင် အလွန်တွေဝေနေပါ သည်။ သင်သည် သေပြီးမှ အသက် ပြန်ရှင်လာသည်ကို တွေ့ရသည်။ ဘယ်နည်းဘယ်ပုံ အသက်ရှင်သနည်း"

"ကျွန်ုပ်သည် မြားဆိပ်ကြောင့် သေငယ်ဇောနှင့် မြောနေခြင်းသာ ဖြစ်ပါသည်"ဟု ဆိုပြီး မိဘတို့ကို ပြုစုလုပ်ကျွေးခြင်းကို ထင်ရှားစေလိုသဖြင့်......

"မင်းကြီး...... အမိကိုဖြစ်စေ၊ အဖကိုဖြစ်စေ၊ တရားသဖြင့် လုပ်ကျွေးပြုစုသူကို "နတ်တို့က ဆေးကုပေးပါသည်။ မိဘကို လုပ်ကျွေးသူသည် မျက်မှောက်ဘဝ၌လည်း လူချီးမွမ်းခံရလျက် တမလွန်ဘဝ၌ ကောင်းရာသုဂတိသို့ ရောက်ကာ မွေ့လျော်ရသည်"ဟု ဆက်၍ပြောလေ၏။

ပိဠိယက္ခမင်းကြီးလည်း သုဝဏ္ဏသာမအား ဝန်ချလျက် အပြစ်မှ ခွင့်လွှတ်ပါရန် တောင်းပန်၏။ ဘုရားလောင်းက မင်းကျင့်တရားဆယ်ပါးနှင့်အညီ ကျင့်ဆောင်ရန်နှင့် ငါးပါးသီလကို ဆောက်တည်စေ၏။

ပိဠိယက္ခမင်းကြီးသည် ဘုရားလောင်းအား ရှိသေစွာရှိခိုးလျက် ဗာရာဏသီသို့ပြန်ပြီး ကောင်းမှုများ ပြုလုပ်ကာ တရားနှင့်အညီ နိုင်ငံသူနိုင်ငံသားများအား အုပ်ချုပ်လျက် သေလွန်သောအခါ နတ်ပြည်သို့ လားလေ၏။

ဘုရားလောင်းသည် မိဘတို့ကို အသက်ထက်ဆုံးပြုစုလျက် မိဘတို့နှင့်အတူ အဘိညာဉ်ငါးပါး၊ သမပတ် ရှစ်ပါးတို့ကို ရအောင် ကျင့်ကြံလျက် ဗြဟ္မာ့ပြည်သို့ လားလေ၏။

**ဇာတ်ပေါင်းသော်**

ပိဠိယက္ခသည် - ရှင်အာနန္ဒာ၊

ဗဟုသုန္ဒရီသည် - ဥပ္ပလဝဏ်

www.dhammadownload.com

# နိဂုံး

ဤသို့လျှင်.......

ငါးရာငါးဆယ် နိပါတ်တော်ကြီးမှာ ဖတ်ရှုဖွယ်ရာအသွယ်သွယ်၊ လူကြီး လူငယ် အရွယ်မရွေး အလွယ်တကူ ဝယ်ယူကြည့်ရှုနိုင်ကြစေရန် ရည်သန် ထုတ်ဝေသော ငါးရာငါးဆယ် လက်ရွေးစင်များသည် အမှတ်(၉)အထိ ပြုစုပြီးစီး အောင်မြင်ခဲ့ပါပြီ။


အမှတ်(၁)တွင်- သစ္စာအဓိဋ္ဌာန်နှင့် မေတ္တာစွမ်းအား ဇာတ်တော်များ ဇာတ်ဝတ္ထုပေါင်း ၁၄-ပုဒ်

အမှတ်(၂)တွင်- သိကြားမင်း၏ ခွေးနက်ကြီး ဝတ္ထုပါ ဇာတ်ဝတ္ထုပေါင်း ၁၁-ပုဒ်။

အမှတ်(၃)တွင်- မိန်းမတို့အကြောင်း အဆိုး အကောင်း ဇာတ်ဝတ္ထုပေါင်း ၁၁-ပုဒ်

အမှတ်(၄)တွင်- ဩော်မိန်းမ-ဩော်မိန်းမ ဇာတ်ဝတ္ထုပေါင်း ၂၀-ပုဒ်။

အမှတ်(၅)တွင်- သူ့ကျေးဇူး - ကိုယ့်ကျေးဇူး ဝတ္ထုများ ကျေးဇူးဆပ်သူ-ကျေးဇူးကန်းသူတို့ ဇာတ်ဝတ္ထုပေါင်း ၁၈-ပုဒ်။

အမှတ်(၆)တွင်- ဘုရားလောင်းတို့၏ (ပညာပါရမီ) ဇာတ်ဝတ္ထုပေါင်း ၉-ပုဒ်။

www.dhammadownload.com

## နိဂုံး

အမှတ်(၇)တွင်– ၁။ ပညာဉာဏ်ကြီးသူများဝတ္ထု ၁၄–ပုဒ်။
၂။ အစွဲအလန်းကြီးသူများဝတ္ထု ၄–ပုဒ်။

အမှတ်(၈)တွင်– ဘုရားလောင်းတို့၏(ဒါနပါရမီ၊ သီလပါရမီ)။ ဇာတ်ဝတ္ထုပေါင်း ၁၀–ပုဒ်။

အမှတ်(၉)တွင်– မိတ်ကောင်းဆွေကောင်းများအကြောင်း၊ နှုတ်ကြမ်း စိတ်ကြမ်း ရမ်းကားသူများ အကြောင်း.......

စသည့် သင်ခန်းစာယူဖွယ်များကို ရွေးချယ်ထုတ်နုတ် စီစဉ်ရေးသား ပြီးစီးခဲ့ပါပြီ။ တစ်အုပ်ပြီး တစ်အုပ် အစဉ်အတိုင်း ထွက်ရှိလာပါလိမ့်မည်။

ဤသို့ မိမိဖတ်ရ မှတ်ရ ဆည်းပူးခဲ့ရသော ဗဟုသုတကို လူတိုင်း ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ကြစေရန် စေတနာရှေ့ရှု၍ ရေးသားပြုစုခဲ့ရာ ၁၉၈၉ ခုနှစ်တွင် ထုတ်ဝေနိုင်ခဲ့ပါပြီ။ မည်သို့ပင်ဖြစ်စေ အများအကျိုးရှိစေရန် မိမိ၏ရည်သန်ချက် စေတနာ အောင်မြင် ထမြောက်စေပြီဖြစ်၍ များစွာ ဝမ်းမြောက်ရပါကြောင်း။

ဦးလှခင်( ဆန်ညွန့်ဦး)
၁၉၈၉ ခုနှစ်၊ ဇွန်လ။ ၁၃၅၁ ခု၊ နယုန်လ။

www.dhammadownload.com

## ဦးလှခင် - ဆန်းညွှန့်ဦး
## (လက်ရွေးစင် ငါးရာငါးဆယ် နိပါတ်တော်ကြီး)

အမှတ်(၁) တွင် သစ္စာအမိဋ္ဌာန်နှင့်မေတ္တာစွမ်းအား ဇာတ်တော်များ ဇာတ်ဝတ္ထုပေါင်း ၁၄ ပုဒ်။

အမှတ်(၂) တွင် သိကြားမင်း၏ ခွေးနက်ကြီး ဝတ္ထုပါ ဇာတ်ဝတ္ထုပေါင်း ၂၀ ပုဒ်။

အမှတ်(၃) တွင် မိန်းမတို့အကြောင်း အဆိုးအကောင်း ဇာတ်ဝတ္ထုပေါင်း ၁၀ ပုဒ်။

အမှတ်(၄) တွင် သြော်မိန်းမ-မိန်းမ ဇာတ်ဝတ္ထုပေါင်း ၂၀ ပုဒ်။

အမှတ်(၅) တွင် သူ့ကျေးရူး ကိုယ့်ကျေးရူး ဝတ္ထုများ ကျေးရူးဆပ်သူ ကျေးရူးကန်းသူတို့ ဇာတ်ဝတ္ထုပေါင်း ၁၈ ပုဒ်။

အမှတ်(၆) တွင် ဘုရားလောင်းတို့၏ (ပညာပါရမီ) ဇာတ်ဝတ္ထုပေါင်း ၉ ပုဒ်။

အမှတ်(၇) တွင်၁။ ပညာဉာဏ်ကြီးသူများဝတ္ထု (၁၄)ပုဒ်။
၂။ အစွဲအလန်းကြီးများဝတ္ထု (၄)ပုဒ်။

အမှတ်(၈) တွင် ဘုရားလောင်းတို့၏ (ဒါနပါရမီ၊ သီလ၊ ပါရမီ)၊ ဇာတ်ဝတ္ထုပေါင်း ၂၀ ပုဒ်။

အမှတ်(၉) တွင် မိတ်ကောင်းဆွေကောင်းများအကြောင်း၊ နှုတ်ကြမ်း စိတ်ကြမ်း ရမ်းကားသူများ အကြောင်း။

နယ်မှမှာယူပါက စာတိုက်မှ VPP ဖြင့် ပို့ပေးပါမည်။
တင်တင်အေး ပိဋကတ် စာပေဖြန့်ချိရေးဌာန
အမှတ် ၁၄၊ ရွှေတိဂုံဘုရားကြီးတောင်ဘက်ဈေးတော်ရှေ့။
(လကွယ်နေ့တိုင်း)ဆိုင်ပိတ်ပါသည်။ ရန်ကုန်မြို့။